# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၃၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် လိုအပ်သည်များ ဆွေးနွေးမှာကြားစဉ်။

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကျင်းပပြုလုပ်

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးသွားရန်လို

နေပြည်တော် စက်တင်ဘာ ၁၇

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ် ၈ ရာ**

**အပူပိုင်းမုန်တိုင်း ပူလာဆန် ဂျပန်အနောက်တောင်ပိုင်းသို့ ချဉ်းကပ်လာနိုင်**

နိုင်ငံတကာသတင်း | စာ ၁၃

**တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ပြီး စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိလာနိုင်**

မိုးလေဝသသတင်း | စာ ၁၅


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၂ ရက်သာ လိုတော့သည်။

# ◆ ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ ပျက်စီးမှု အနည်း၊ အများအလိုက် ဦးစားပေးအဆင့် သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ခြောက်လတာကာလအတွင်းပြီးစီးစေရေး ဆောင်ရွက်သွားရန်လို

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရာဂီမုန်တိုင်း ဟိုင်နန်ကျွန်းသို့ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို သတင်းများအရသိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်းအတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရာဂီမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံကို စတင်ဖြတ်ကျော်ခဲ့ပြီး ယင်းအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ **သတိပေးထုတ်ပြန်မှုများ ဆောင်ရွက်ခဲ့သော်လည်း ယခုအတိုင်းအတာအထိ အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြ**ကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာ လမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများ၌ လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့်အခြေအနေ မဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ညအချိန် မိုးရွာသွန်းမှုများပြားပြီး ရုတ်တရက်တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ယခုကဲ့သို့ ထိခိုက်မှုများပြားခဲ့ရခြင်းဖြစ်ကြောင်း။




**❖ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှ ထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှုအကြီးမားဆုံးဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိ**

### ဖြစ်စဉ်အပေါ် သုံးသပ်၊ သင်ခန်းစာရယူ၊ ပြင်ဆင်မှုများပြုလုပ်

**သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှ ထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှုအကြီးမားဆုံးဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိ**ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့်ရာတွင် ပညာရပ်ဆိုင်ရာအသုံးအနှုန်းများထက် သာမန်ပြည်သူလူထုသတိပြုနားလည်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ပြန်မှုများဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် လွယ်ကူရှင်းလင်းစွာဖြင့် နားလည်သိရှိလိုက်နာနိုင်အောင် ထုတ်ပြန်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ထုတ်ပြန်မှသာလျှင် ပြည်သူများအနေဖြင့် ရှင်းလင်းစွာသိရှိပြီး အလေးထားလိုက်နာနိုင်မည်ဖြစ်ကြောင်း၊ **ယခုနှစ်မိုးရာသီကာလအတွင်း မိမိတို့နိုင်ငံတွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း အားလုံးတို့၌ မိုးများ များပြားစွာရွာသွန်းခဲ့သည်ကို တွေ့ရှိရပြီး ထိုသို့ရွာသွန်းမှုများကြောင့်မြေသားများမှာ စိုထိုင်းဆ များပြားလျက်ရှိပြီး မြေများ ကျစ်လျစ်မှုအားနည်းသည့် အချိန်ဖြစ်**ကြောင်း၊ ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် ယခင်ပျော့နေသည့်မြေသားများမှာ ပြိုကျမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယမန်နေ့က ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့စဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု၏ ရေစီးဆင်းရာအစဖြစ်သည့် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများစီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများဖြစ်ပေါ်နေမှု၊ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကြောင့် ရေတိုက်စားရာလမ်းကြောင်းကြီးများ ဖြစ်ပေါ်နေမှုနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်ကျန်ရှိနေမှု၊ စိုက်ခင်းအများအပြား ပျက်စီးခဲ့မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းနှင့် နီးစပ်သည့် အချို့သော ကျေးရွာများ ရေဖုံးလွှမ်းခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို စိတ်မကောင်းဖြစ်ဖွယ် တွေ့မြင်ခဲ့ရကြောင်း။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့် ဆက်စပ်၍ သစ်ထုတ်လုပ်မှုများနှင့်ပတ်သက်၍လည်း တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့ပြီး ထိခိုက်ပျက်စီးမှုပိုမိုများပြားခဲ့ရခြင်းဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ရာသီဥတုနှင့်ပတ်သက်၍ မျှော်မှန်းထားသည်ထက် ပိုမိုအချိန်တိုလျင်မြန်စွာ ဖြစ်ပွားခဲ့ခြင်းကြောင့်လည်း ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဆည်မြောင်းနှင့် လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လမ်းတံတား လုပ်ငန်းများဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုအပိုင်းနှင့်ပတ်သက်၍ စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းပြီး **ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် သင်ခန်းစာယူ၍ တံတားများတည်ဆောက်ရာတွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်သွားရန်လို**ကြောင်း၊ ယခင်က ကုန်ကျစရိတ်သက်သာစေရန် တံတားအရှည်နှင့် ခန်းဖွဲ့အားလျှော့၍ ချဉ်းကပ်လမ်းအား တိုးမြှင့်ထားမှုများကို ပြန်လည်စစ်ဆေးသုံးသပ်ရန်လိုကြောင်း၊ *စာမျက်နှာ ၄ သို့*




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးတင်ပြစဉ်။

## ❍ ယခုမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်

## ❍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် တိုင်းစစ်ဌာနချုပ်များ အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်

*စာမျက်နှာ ၃ မှ*

ထို့ပြင် တံတားနေရာများသို့ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ရေထွက်ရာလမ်းကြောင်းနေရာများ၌ ရေစီးဆင်းမှုကောင်းမွန်စေရေး ချောင်းဖြောင့်ခြင်းလုပ်ငန်းအပါအဝင် အခြားလိုအပ်သည်များ ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်/မြောင်းများနှင့် ပတ်သက်၍လည်း ဆည်များအတွင်း သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာပြီး ဆည်များကောခြင်း၊ အောက်ခြေမျက်နှာပြင်တက်လာခြင်းများကို အမြဲမပြတ်ဖယ်ထုတ်ဆောင်ရွက်နေရန်လိုကြောင်း၊ **မြစ်ချောင်းများအတွင်း သဲနုန်းများအနည်ကျမှု များပြားလာခြင်းသည် မြစ်ချောင်းကြမ်းခင်း(Bed Level) မြင့်တက်လာပြီး ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်တို့တွင် ရွှေတူးဖော်ခြင်း၊ ကျောက်တူးဖော်ခြင်းတို့ကြောင့် မြစ်အောက်ပိုင်းများတွင် နုန်းပို့ချမှုများလာကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများ တစ်လျှောက်ကိုလည်း အရေးကြီးသည့် အစိတ်အပိုင်းအလိုက် သောင်တူးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊** မြို့ရွာများ၊ လမ်းကြောင်းများ၌ ရေထွက်စနစ်များ ကောင်းမွန်မှုမရှိခြင်း၊ ရေနုတ်မြောင်းစနစ်များ ကောင်းမွန်မှုမရှိခြင်းကြောင့်လည်း ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ရေထုတ်စနစ်များ ကောင်းမွန်စေရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **လမ်း၊ တံတား၊ ဆည်၊ မြောင်းများ၏ ရေထွက်စနစ်များကို နှစ်စဉ်စစ်ဆေးပြုပြင်ထိန်းသိမ်းမှု (Maintainess) မပျက်မကွက် ပြုလုပ်ရန်လိုကြောင်း။**

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်

**ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကိုတွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်**ကြောင်း၊ ရေဘေးဒုက္ခသည်စခန်းများရှိပြည်သူများ စားသောက်ရေးအတွက်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေးအတွက် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးသွားသည့် တံတားများတွင် ယာယီဘေလီတံတားများကို ဦးစားပေး ဆောက်လုပ်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရေဘေးရှောင်စုရပ်များသို့ ယာယီခေါ်ဆောင်ထားသည့် ပြည်သူများကိုလည်း ၎င်းတို့၏နေရပ်သို့ ပြန်လည်သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေဝင်နစ်မြုပ်ခဲ့သည့် ရပ်ကွက်ကျေးရွာများအတွင်း သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုပြီး မြို့နယ်၊ ရပ်ကွက်ကျေးရွာများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ၎င်းတို့၏ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လက်ရှိ နောက်ဆုံးကောက်ယူရရှိထားသည့် စာရင်းများအရ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၂၆ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦး၊ ရေစီးဖြင့်မျောပါသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၄၇ ဦးရှိကြောင်း၊ လူနေအိမ်များပျက်စီးမှုအနေဖြင့် ၁၉၁၅ လုံး လုံးဝပျက်စီးခဲ့ပြီး ၂၀၁ လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကြောင်း၊ ရေဝင်နစ်မြုပ်မှုမှာ ၁၅၈၃၄၃ လုံး ဖြစ်ကြောင်း၊ ယာယီဒုက္ခသည်စခန်းများတွင် ၁၆၃၅၇၃ ဦး ရောက်ရှိလျက်ရှိပြီး ဆွေမျိုးများအိမ်တွင် သွားရောက်နေထိုင်သူ ၂၃၄၅၃၅ ဦး ရှိကြောင်း၊ သက်ဆိုင်ရာကျေးရွာများအလိုက် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါရေဘေးသင့်ပြည်သူများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အသင့်စားခေါက်ဆွဲများအပါအဝင် အခြားစားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

**ယခုမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်**ကြောင်း၊ **ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း** မှာကြားသည်။

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြ

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်ဖွန်းမုန်တိုင်းရာဂီ၏အရှိန်ကြောင့် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့မှု၊ မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ လမ်းတံတားများ၊ တာတမံများထိခိုက်ပျက်စီးခြင်း၊ ကမ်းပြိုခြင်းများ ဖြစ်ပေါ်ခဲ့မှု၊ မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို နိုင်ငံတော်ပိုင် အသံလွှင့်ဌာနများနှင့် သတင်းစာများမှ အချိန်နှင့်တစ်ပြေးညီ အများပြည်သူ သိရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများရှိ ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များဖြင့် ကူညီကယ်ဆယ်ခဲ့မှု၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးနှင့် ကယ်ရေးစခန်းများ ဖွင့်လှစ်စောင့်ရှောက်နေမှု၊ ဘေးသင့်ပြည်သူများ စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ စသည့် စားသောက်ကုန်များ မျှဝေထောက်ပံ့ခဲ့မှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ရေကြီးမှုကြောင့် ဖြစ်ပွားတတ်သည့် နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရေးဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ နယ်လှည့်ဆေးကုအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရေကျသွားသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့များဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများအတွက် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဖွဲ့စည်းထား၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့နယ်အသီးသီးရှိ အများနှင့်သက်ဆိုင်သည့် နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပျက်စီးထိခိုက်သေဆုံးခဲ့မှုနှင့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးခဲ့မှု၊ ထိခိုက်ပျက်စီးခဲ့သည့် နေရာများသို့ ကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးပစ္စည်းများ ဖြန့်ခွဲဆောင်ရွက်ထားမှု၊ သဘာဝဘေးဒဏ်ကြောင့် ကျေးလက်လမ်းနှင့် တံတားများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေလုံလောက်စွာရရှိရေးဆောင်ရွက်နေမှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ပြန်လည်ကုစားဆောင်ရွက်ပေးရန် လျာထားမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် ကျန်းမာရေးကဏ္ဍ ပျက်စီးဆုံးရှုံးမှုနှင့် ရေဘေးသင့်ဒေသများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ မိုးလေဝသ သတင်းများအား ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရေး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိမှုများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေဘေးသင့်ပြည်သူများအား အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ရေပြန်လည်ကျဆင်းသွားသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အကူအညီအထောက်အပံ့များပေးအပ်သွားမည့် အစီအမံများ၊ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် သီးနှံများပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ရေကြီးရေလျှံမှုများကြောင့် မီးရထားလမ်းများနှင့် တံတားများပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြင်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ လေကြောင်းခရီးစဉ်များပျံသန်းပြေးဆွဲလျက်ရှိမှု၊ AHA Center နှင့် အိန္ဒိယနိုင်ငံမှ ပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူရောက်ရှိမှုနှင့် လွှဲပြောင်းပေးအပ်မှု၊ မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်များ ကောင်းမွန်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ရာသီဥတုနှင့်သက်ဆိုင်သည့် သတိပေးချက်များအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသရှိပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး Short Message များဖြင့် ပေးပို့၍ ဆောင်ရွက်မည်ဆိုပါက ထိခိုက်မှုများကိုလျှော့ချနိုင်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမှ အကူအညီများပေးအပ်မှုနှင့် ထောက်ပံ့ရေးပစ္စည်းများအား လေယာဉ်များ၊ သင်္ဘောများဖြင့် ပေးပို့လျက်ရှိမှုနှင့် ကမ်းလှမ်းလာမှု၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဆည်မြောင်းတာတမံများနှင့် ရေကန်များကို ပြန်လည်ပြင်ဆင်နေမှု၊ စိုက်ခင်းများ ပျက်စီးခဲ့သည့် တောင်သူများနှင့်တွေ့ဆုံ၍ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်ခွဲရုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့်

*စာမျက်နှာ ၅ သို့*

❒ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့်ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လို၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကိုတွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

သီလရှင်ကျောင်းများသို့ လှူဒါန်းမှုများ ဆောင်ရွက်ခဲ့မှု၊ ရေဘေးသင့်ဒေသများရှိ ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေဘေးသင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်စာစောင်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ တပ်မတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများမှ ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေမည့်အရာများကို အမြန်ဆုံး ရှင်းလင်းရန်လိုအပ်ကြောင်း၊ အလှူငွေများ လက်ခံရာတွင်လည်း ကော်မတီအနေဖြင့် စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ကြောင်း၊ အစားအသောက်များ လှူဒါန်းမှုကိုလက်ခံရာတွင်လည်း သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များ ဖြစ်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်ကြောင်း၊ မိုးလေဝသ သတင်းများကိုလည်း ပြည်သူများရှင်းလင်းစွာဖြင့် အချိန်တိုအတွင်း နားလည်မှုလွယ်ကူစေရေး ထုတ်ပြန်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သစ်များထုတ်လုပ်လျက်ရှိသည့် သစ်ဆိပ်များတွင် သစ်များခုတ်ယူထားရှိပြီး သယ်ယူရန်ကျန်ရှိနေသည့် သစ်လုံးများမှာ ရေစီးဖြင့် မျောပါလာခဲ့သည့်အတွက် ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် သစ်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မိုးမကျမီအချိန်အတွင်း ခုတ်ယူထားသည့် သစ်များကို သစ်ကွင်းများ၌ ကျန်ရှိမှုမရှိစေရေး သတ်မှတ်သစ်ဆိပ်နေရာများသို့ သယ်ဆောင်ထားရန်လိုကြောင်း၊ တရားမဝင်သစ်ထုတ်လုပ်မှုများမရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် တားမြစ်ရန်လိုအပ်ကြောင်း၊ ရေများကျဆင်းချိန်တွင် ကျောက်ထုတ်စခန်းများမှ ကျောက်များမှာ ရေစီးဖြင့် မျောပါလာခဲ့သည့်အတွက် အန္တရာယ်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆ၍ လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ **ပျက်စီးသွားသည့်သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးထောက်ပံ့ငွေများနှင့် စိုက်ပျိုးရေးချေးငွေများ ပေးအပ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊** ကုန်စည်စီးဆင်းမှုများ ကောင်းမွန်ချောမွေ့စေရေး အတွက်လည်း မီးရထားလမ်းများ ပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

### မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် လာမည့် အောက်တိုဘာ ၁ ရက်နေ့တွင် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကူညီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ၎င်းတို့၏နေရပ်များတွင် အတတ်နိုင်ဆုံး အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ ပျက်စီးမှု အနည်း၊ အများအလိုက် ဦးစားပေးအဆင့် သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ခြောက်လတာကာလအတွင်းပြီးစီးစေရေး ဆောင်ရွက်သွားရန်** လိုကြောင်း၊ ပိတ်ထားရသည့် ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ဖွင့်လှစ်ချိန်တွင် သင်ခန်းစာများ လစ်ဟင်းမှုမရှိစေရေး အချိန်ပိုများ သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းပိတ်ရက်အလွန်များပြားသွားမည်ဆိုပါက နွေရာသီတွင် ပြန်လည်သင်ကြားပေးနိုင်ရေး စီမံသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရနိုင်သမျှ Saving လုပ်သွားရန် လိုကြောင်း၊ ယနေ့ **တင်ပြချက်များအား Check List ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို အမြဲမပြတ်စိစစ်၍ လုပ်ငန်းတိုးတက်မှုများကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သွားရန်နှင့် တင်ပြသွားရန်လိုကြောင်း၊** ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေး အဓိကထား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ ယာယီရေဘေးရှောင်ဝန်ထမ်းများနှင့် ကျောင်းသားများကို လိုအပ်သည်များ ထောက်ပံ့အားပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

မကြာမီရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုများကြောင့် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) ဝင်းအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ပင်မစာသင်ဆောင်၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် ယာယီရေဘေးရှောင် နေထိုင်လျက်ရှိရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယနေ့ မွန်းလွဲပိုင်းက ယင်းနေရာသို့ သွားရောက်၍ ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး တစ်ဦးချင်း တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားများပြောကြားကာ ယာယီ ရေဘေးရှောင်လျက်နေထိုင်နေမှုဆိုင်ရာ လိုအပ်ချက်တင်ပြမှုများအပေါ် ပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) တို့မှ ယာယီရေဘေးရှောင်လျက်ရှိသည့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများထံ ရေသန့်ဘူးများ၊ ဆေးဝါးပစ္စည်းများ၊ အသင့်စားစားသောက်ကုန် ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများကို ဝမ်းပျက်ဝမ်းလျှောနှင့် မလိုလားအပ်သော



ကျန်းမာရေးပြဿနာများ မဖြစ်ပွားစေရေးအတွက် အထူးဂရုပြုနေထိုင်ကြရန်၊ ရေများပြန်လည်ကျသွားသည့်အခါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် Academic Calendar အတိုင်း ကျောင်းလုပ်ငန်းများ အမြန်လည်ပတ်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)သို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တစ်ဦးချင်း တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးကာ တီထွင်ဖန်တီးမှုများမှတစ်ဆင့် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များ ရရှိသည်အထိ ဆောင်ရွက်ရန်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးရေး လက်တွေ့ကျကျ အထောက်အကူ ပြုနိုင်သည့် သက်မွေးပညာရှင် လူငယ်များ ဖြစ်စေရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

တောင်တရုတ် ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေ ဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက ဝန်ထမ်းမိသားစုများကိုယ်စား ငွေကျပ်သိန်း ၅၀၊ Automotive Association of Myanmar မှ ငွေကျပ်သိန်း ၃၀၀၊ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၄)ခုနှစ် မြို့ပြကျောင်းသားကျောင်းသူဟောင်းများမှ ငွေကျပ် ၁၁၅ သိန်း စုစုပေါင်း ငွေကျပ် ၄၆၅ သိန်း ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်းမိသားစုမှ ပျဉ်းမနားမြို့ နံတော်စဉ်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၇၀၊ မြို့ဦးဓမ္မာရုံရှိ ရေဘေးသင့်ပြည်သူ ၁၅၂ ဦး၊ မြို့လယ်ဓမ္မာရုံရှိ ရေဘေးသင့်ပြည်သူ ၇၈ ဦး စုစုပေါင်း ၃၀၀ တို့အတွက် နေ့လယ်စာ ထမင်းဘူး ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




◆ *ကျောဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




**လွှဲပြောင်းပေးအပ်**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Shri Abhay Thakur က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အိန္ဒိယလေတပ် သယ်ယူပို့ဆောင်ရေးလေယာဉ် IL-76 ဖြင့်ပေးပို့လာသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများတွင် ခြင်ထောင်အလုံး ၁၀၀၀၊ အသင့်စားအစားအစာထုပ် (MRE) အထုပ် ၃၀၀၀၊ မီးဖိုချောင်သုံးပစ္စည်းအစုံ ၅၀၀၊ ဆိုလာမီးအိမ် ၁၀၀၀ ခန့်၊ မီးစက်နှစ်လုံး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ (Hygiene Kits) အစုံ ၄၀၀၀၊ ယာယီတဲ ၁၅ လုံး၊ ရေသန့်စင်ရေးဆိုင်ရာ ပစ္စည်းများဖြစ်သည့် ကလိုရင်းဆေးပြား၊ ပိုးသတ်ဆေး၊ Bleaching powder နှင့် ဆေးဝါးပစ္စည်းများ စုစုပေါင်းပစ္စည်းတန်ချိန် ၃၀ ကျော် ပါရှိသည်။

**ထပ်မံရောက်ရှိမည်**

အလားတူ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး၊ တာပေါ်လင်နှင့်ယာယီတဲများ သယ်ဆောင်လာသော အိန္ဒိယနိုင်ငံရေတပ်မှ စစ်ရေယာဉ်သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိမည်ဖြစ်သည်။



ထို့ပြင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management-AHA Centre) မှ ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ ၃၃၇၁၄၈ ဒသမ ၉၅ ခန့်မှန်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိသားစုသုံး မိုးကာတဲများ၊ တာပေါ်လင်၊ Shelter Repair Kit ၊ ရေသန့်စက်များနှင့် အခြား အရေးပေါ်သုံးပစ္စည်းများ ပါဝင်သော စုစုပေါင်းအလေးချိန် ၅၉၃၆၀ ကီလိုဂရမ်ရှိ ပစ္စည်းများကို မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) တို့ဖြင့် သယ်ဆောင်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆိုက်ရောက်ခဲ့သည်။

**အမြန်ဆုံးပို့ဆောင်သွားမည်**

နိုင်ငံတော်အစိုးရ အနေဖြင့် ရေဘေးဒဏ်သင့်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး"မူ" ဖြင့် ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသော ကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရေဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

The ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) မှ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများသည် ထိုင်းနိုင်ငံ Disaster Emergency Logistics System for ASEAN (DELSA) Warehouse မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း MNA UB-2020 လေယာဉ်ဖြင့် ယနေ့ နံနက် ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ထိုသို့ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက စစ်ဆေးလက်ခံခဲ့ပြီး (ဝဲပုံ) အဆိုပါ ကယ်ဆယ်ရေး ပစ္စည်းများတွင် မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ Shelter ပြုပြင်ရေးသုံးပစ္စည်းများ၊ မိသားစုတဲ၊ ရေပုံး၊ တာပေါ်လင်၊ ခြင်ထောင်နှင့် ရေသန့်စက် စသည့်အမျိုးအစား ၁၁ မျိုး ပါဝင်သော ကယ်ဆယ်ရေးပစ္စည်း ၅၅၆၀ ကီလိုဂရမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ AHA Centre မှ မြန်မာနိုင်ငံသို့ ပို့ဆောင်လှူဒါန်းသော ကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးဒဏ်သင့် ဒေသများသို့ ဆက်လက်ဖြန့်ခွဲ ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC)၏ (၆) ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၇

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E. Mr.Nakharin Mektrairat ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် "The Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် ကျင်းပမည့် အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူ အဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions- AACC) ၏ (၆) ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**အဖွဲ့ဝင်သုံးဦးလိုက်ပါ**

အဆိုပါ (၆) ကြိမ်မြောက် ညီလာခံနှင့်ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် သုံးဦးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဒုတိယအကြိမ် အာဆီယံ-မဲခေါင်မြစ်ကော်မရှင် ရေဖူလုံရေးဆိုင်ရာဆွေးနွေးပွဲသို့တက်ရောက်ရန် လာအိုသို့ထွက်ခွာ



နေပြည်တော် စက်တင်ဘာ ၁၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ စက်တင်ဘာ ၁၈ ရက်တွင်ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် အာဆီယံ-မဲခေါင်မြစ်ကော်မရှင်ရေဖူလုံရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။(ဓာတ်ပုံ)

ယခုကျင်းပပြုလုပ်မည့်ဆွေးနွေးပွဲသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအဆင့်ကိုယ်စားလှယ်များ၊ မဲခေါင်မြစ်ကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိများ၊ တရုတ်၊ ကိုရီးယား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ စင်ကာပူနှင့် အမေရိကန်နိုင်ငံများမှ ရေစီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ စုစုပေါင်း ၂၅၀ တက်ရောက်မည်ဖြစ်ပြီး မဲခေါင်ဒေသနှင့် အာဆီယံဒေသတွင်း ရေဖူလုံရေး၊ ပတ်ဝန်းကျင်သက်ရောက်မှုများအပေါ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များတွင် ထိရောက်သောမူဝါဒများ ဖော်ထုတ်နိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ မြန်မာနိုင်ငံ ကောင်စစ်ဝန်ရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပမည့် သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ရေထွက်ကုန်စည်ပြပွဲ (VII Global Fishery Forum & Seafood Expo Russia) တက်ရောက်ရန် စိန့်ပီတာစဘတ်မြို့၌ရောက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်က စိန့်ပီတာစဘတ်မြို့ရှိ မြန်မာနိုင်ငံ ကောင်စစ်ဝန်ရုံး အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။ (အပေါ်ပုံ)



**ကျေပွန်စွာထမ်းဆောင်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ဝန်ထမ်းများ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ရေး စိတ်ဓာတ်စည်းကမ်း ကောင်းမွန်ရေးနှင့် နိုင်ငံတော်မှပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်စောင့်ထိန်းကြစေရေး ရှင်းလင်းပြောကြားပြီး ရုံးအတွင်း လှည့်လည်ကြည့်ရှုကာ သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့်သင်တန်းဖွင့်

ပဲခူး စက်တင်ဘာ ၁၇

ပဲခူးမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ပဲခူးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အေးက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်းကောက်ယူသွားမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သက်ထက်



# ရွှေတောင်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်သင်တန်းဖွင့်



ရွှေတောင် စက်တင်ဘာ ၁၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးသန်းထူးက သန်းခေါင်စာရင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကို သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)အခမ်းအနားများကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် မြတ်ဗုဒ္ဓ၏ မမေ့အပ်ရာ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် အရဏ်ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြပြီး ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဂရုဓမ္မငါးပါးသီလ အကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများကို အမေးအဖြေပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စမ်းချောင်းမြို့နယ် နေနတ်သား ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ သုစိတ္တာထံမှ နဝင်္ဂသီလ ခံယူ ဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပဉ္စင်းသံဃာတော်များအား သင်္ဃန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် နေနတ်သားပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပဉ္စင်းသံဃာများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ၁၃၈၆ ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာသဘင် အခမ်းအနားကို စေတီတော် ဂေါပကရုံး အာရုံခံတန်ဆောင်း၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့အဖွဲ့ဝင် ဦးလှထွန်းက ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်း မင်္ဂလာထောပနာစကားမြွက်ကြား၍ ဝတ်အသင်းအဖွဲ့များက ဂရုဓမ္မဇာတ်တော်အမွှမ်း၊ ဂရုဓမ္မဇာတ်ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ်တော်တို့ကို ရွတ်ဆိုခြင်း မေတ္တာဘာဝနာ ပွားများခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြကြောင်းသတင်းရရှိသည်။

**ဇော်မင်းလတ်(MNA)**

# နေပြည်တော်ကောင်စီနယ်မြေနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကန်းဒွိစုံ ၆၀၀၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၇**

တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့် ရေဘေးဒဏ်ခံခဲ့ရသော နေပြည်တော်ကောင်စီ နယ်မြေနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကန်းဒွိစုံ ၆၀၀၊ သင်္ကန်းခြင်း ၃၁ ခြင်းအပါအဝင် ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တသောဘန အရှင်သူမြတ်က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းမိန့်ကြားပြီး ဒေါက်တာဘဒ္ဒန္တ သောဘန၏ သက်တော် ၇၇ နှစ်ပြည့် မွေးနေ့အကြို ဝိဇ္ဇာတမင်္ဂလာကုသိုလ် အလှူတော်အဖြစ် ရေဘေးဒဏ်ခံခဲ့ရသော ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကန်းဒွိစုံ ၆၀၀၊ သင်္ကန်းခြင်း ၃၁ ခြင်းအပါအဝင် ရဟန်းအသုံးအဆောင် ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ ကိုဆရာတော်ကြီးကိုယ်စား အကျိုးတော်ဆောင်အဖွဲ့က ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဇော်ဇော်ဦးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်လျက်ရှိသည့် ပျဉ်းမနားမြို့ သုခစိုးဟိုတယ်ဝင်းအတွင်းရှိ ဘိုးဘွားရိပ်သာနှင့် အုန်းတောပရိယတ္တိ စာသင်တိုက်များသို့ စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းကြသည်။

ဦးစွာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် သုခစိုးဟိုတယ်ဝင်းအတွင်းရှိ ဘိုးဘွားရိပ်သာရှိ ရေဘေးသင့်ပြည်သူ ၄၀၀ နှင့် အုန်းတောပရိယတ္တိစာသင်တိုက်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၆၀၀ တို့အတွက် စားသောက်ဖွယ်ရာများ လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ၊ ဟာသပညာရှင် ဒိန်းဒေါင်၊ ဟာသပညာရှင်အကယ်ဒမီအုန်းသီးနှင့်အဖွဲ့က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပါဝင်ပေးအပ်လှူဒါန်းခဲ့ကြပြီး အားပေးစကား ပြောကြားကြကြောင်း သိရသည်။ **သတင်းစဉ်**



❖ *ကျောဖုံးမှ*

ထို့အတူ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ ဝါဝါအောင်၊ အကယ်ဒမီ အောင်ခိုင်နှင့် သရုပ်ဆောင် မိုးစက်တို့အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ချမ်းမြေ့မြိုင်ရိပ်သာကျောင်းနှင့် မဟာဇနကစာသင်တိုက်များသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ၊ အခြေခံစားသောက်ကုန်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ညောင်လေးပင်ခရိုင် ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဒိုက်ဦး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ညောင်လေးပင်ခရိုင်အတွင်း ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်တောင်းမြစ်ရေသည် ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်းနှင့် ဖြူးမြို့တို့ကို ဖြတ်သန်းလျက်ရှိပြီး ယင်းဒေသရှိ ဒေသခံပြည်သူများ ရေဘေးဒဏ်ကို ခံစားနေရကြောင်း၊ ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက အချိန်မီရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် ရေကြီးခြင်း အတွေ့အကြုံ မရှိခြင်း၊ ပေါ့ဆခြင်းနှင့် မိမိတို့၏ ဆန္ဒအရ မပြောင်းရွှေ့သဖြင့် ရေတက်ချိန်မှ ပြန်လည်ကယ်ဆယ်ရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယာယီရေဘေးရှောင်စခန်းများ ကြိုတင်ဖွင့်လှစ်ထားရန်နှင့် ဆန်၊ ဆီ၊ စားသုံးကုန်နှင့် ရေသန့်များ ပြည့်စုံစွာထားရှိရန်၊ ရေဘေးစခန်းအလိုက် ချက်ပြုတ်စားသောက်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းပါဝင်သောပရဟိတအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ ကြိုတင်စုဖွဲ့ထားရန်နှင့် သယ်ယူပြောင်းရွှေ့နိုင်ရေး မော်တော်ယာဉ်များ၊ စက်တပ်လှေများနှင့် စက်သုံးဆီများ ပြည့်စုံစွာ စီမံထားရမည်ဖြစ်ကြောင်းနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပြည့်စုံစွာပံ့ပိုးထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ညောင်လေးပင်ခရိုင် တပ်နယ်မှူးတို့က ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့၌ ရေဘေးကြိုတင် ကာကွယ်ရေး စီမံဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသည့် ပရဟိတအဖွဲ့များက သီးခြားလိုအပ်ချက်များ အကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးတင်ထွန်းမြင့်၏ ဒေသကြက်ကိုယ်တိုင်မွေးမြူ သားဖောက်လုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ် ကျေးရွာအုပ်စု၌ YSR-1 အထွက်ကောင်းစပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်းကို သွားရောက်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ပေါက်တပင်မျိုးသန့်ခြံ၌ တောင်သူသရုပ်ပြ ကြိုတင်ပျိုးထောင်စနစ်ဖြင့် မိုးစပါး နှစ်သီးစိုက်ပျိုးနိုင်ရေး သရုပ်ပြပွဲသို့ တက်ရောက် အားပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား စေတနာရှင်အလှူရှင်များက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိ

**တောင်ကြီး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စက်တင်ဘာ ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုလမ်းပိတ်ဆို့ခြင်း၊ သစ်ပင်များ လဲပြိုခြင်း၊ လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခြင်းနှင့် လူနေအိမ်များ ရေဝင်ရောက်ခြင်းများဖြစ်ပွားခဲ့ရာ တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင်လည်း ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့သဖြင့် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက နေ့စဉ်လှူဒါန်းထောက်ပံ့လျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံဖြစ်ပွားသည့် နေရာများတွင် ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား လိုအပ်သည်များ ထောက်ပံ့လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ညောင်ရွှေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဌာနဆိုင်ရာများအပါအဝင် စေတနာရှင်အလှူရှင်များက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ယမန်နေ့တွင် တောင်ကြီးမြို့ရောက် ကယားပြည်နယ် အိမ်ခြံမြေအသင်း (MRPDA)၊ ကယန်းအူဝဲအိမ်ခြံမြေအသင်း၊ ဒေါက်တာမင်းသူနှင့်ဇနီး ဒေါ်သဇင်မြင့် မိသားစုတို့က ငွေကျပ်သိန်း ၂၀နှင့် အာဟာရဖြည့်မုန့်များ၊ တောင်ကြီးမြို့ မြို့ရှောင်လမ်း ဗောဓိရတနာ တောရသီလရှင်ကျောင်းမှ ငွေကျပ် ၁၀၄၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်များ၊ တောင်ကြီးမြို့ရောက် လားရှိုးမြို့မှ ကိုသူရိန်အောင်နှင့် အလှူရှင်များက ငွေကျပ် ၁၁ သိန်းကျော်တန်ဖိုးရှိ သောက်ရေသန့်နှင့် စားသောက်ဖွယ်များကို ကယ်ဆယ်ရေးစခန်းများနှင့် ရေကြီးမှုကြောင့် သွားလာရေးခက်ခဲနေသည့်ကျေးရွာများနေ ပြည်သူများထံ သွားရောက်လှူဒါန်းခြင်း အပါအဝင် ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ထမင်းဘူး၊ သောက်ရေသန့်၊ အဝတ်အထည်များကို တက်ကြွစွာပူးပေါင်းပါဝင်ကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါရေကြီးရေလျှံမှုကြောင့် ညောင်ရွှေမြို့နယ်တွင် အိမ်ထောင်စု ၂၆၅၂၇ စုရှိ လူဦးရေ ၉၂၀၀၀ ကျော် ရေဘေးသင့်ခဲ့ရာ မြို့ပေါ်၌ယာယီကယ်ဆယ်ရေးစခန်း ခြောက်ခုဖွင့်လှစ်ကာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**

## ဆီဆိုင်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်

**ဆီဆိုင် စက်တင်ဘာ ၁၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။ **(အောက်ပုံ)**



ဖွင့်ပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးနှင့်ပတ်သက်၍ ပြောကြားသည်။

သင်တန်းကို သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၆ ရက်မှ ၂၇ ရက်အထိ သင်ကြားဆွေးနွေးပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်သူရ၊ မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်နယ်မှ အရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ နွားမေထုန်မဲ့ သင်တန်းဖွင့်

**သာယာဝတီ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ နွားမေထုန်မဲ့သားစပ်သင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို သာယာဝတီမြို့ ဆရာစံခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းဗိုလ်က ကျွဲ၊ နွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် နွားမျိုးကောင်း မျိုးသန့်ရရှိစေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသားများကို အားပေးစကားပြောကြားပြီး မေထုန်မဲ့ သားစပ်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းသို့ သာယာဝတီမြို့နယ်မှ သင်တန်းသား ၁၈ ဦး၊ လက်ပံတန်းမြို့နယ်မှ သင်တန်းသား ၁၈ ဦး စုစုပေါင်းသင်တန်းသား ၃၆ ဦးကို စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# တရားမရှိအယူမှား၍ အမုန်းတရားအာဃာတများ မတိုးပွားစေရန် ...

မိုးကေနိုင်

တစ်ခါတစ်ရံ ရေးသားချက်၊ ပြောဆိုချက်တွေက တရားစကားကို အခြေခံသော်လည်း လိုရင်းက အဆိုးဘက်ရောက်ပြီး အမုန်းနှင့် အာဃာတချည်းသာ ဖြစ်နေတတ်သည်။ မြတ်စွာဘုရား၏ တရားတော်များကို တလွဲအသုံးချ၊ အမှန်ကို အမှားပြုကာ ကုသိုလ်စကားပြောနေသော်လည်း ကိုယ်လုပ်နေသည့် အလုပ်က အကုသိုလ်ဖြစ်နေမှန်းမသိ၊ ထိုသူ ကိုယ်တိုင်ပင် ကုသိုလ်၊ အကုသိုလ်ကို ခွဲခွဲခြားခြား မသိ၍ ဖြစ်ပါလိမ့်မည်။ ထိုသို့ခွဲခြားမသိသည်က မောဟဆိုသည့် ဉာဏ်မဲ့မှုတရား တစ်နည်း အမှန်ကို အမှားထင်၊ အမှားကိုအမှန်ထင်၊ အမြင်မှား၊ အယူမှား ဖုံးလွှမ်းလွန်း၍ ကိုယ်ပြောလိုက် ရေးလိုက်သော စကားတစ်ခွန်း၊ စာတစ်ကြောင်းက လူအများကို တွေဝေမိုက်မဲစေပြီး အကုသိုလ် ဖြစ်သွားတတ်သည်ကို မသိတော့၊ ထိုသူတို့၏ မသာယာ မသင့်လျော်သည့် အမူအကျင့်များအောက်တွင် တရားမဲ့မှုများဖြင့် ပျက်စီးခြင်းများသာဆိုက်၍ အကျည်းတန်ဖြစ်ကြရတော့သည်။

### ဒုဇ္ဇန တဲ့ ဗာလ တဲ့ ကီနာသ တဲ့... ပြောဆိုရေးသားချက်တွေက

လူတစ်ယောက်ကတစ်ယောက်ကို၊ အဖွဲ့တစ်ခုကတစ်ခုကို မဟုတ်တာ၊ မမှန်တာ၊ အခြေအမြစ်မရှိတာကို စွပ်စွဲပြစ်တင်ဝေဖန်ခြင်းသည် ကောင်းသောအရာမဟုတ်ပါ။ သာမန်လူအချင်းချင်းက တော်သေးသည်၊ သီလ၊ သမာဓိ၊ ပညာရှိသူများအပေါ် မမှန်ဘဲ စွပ်စွဲပြစ်တင်မိလျှင် ပို၍အပြစ်ကြီးသွားသည်။ သီလရှိသူ၊ သမာဓိရှိသူ၊ ပညာပြည့်သူမှာ သူကြားရ၊ မြင်ရအာရုံတိုင်းမှာ လိုက်မခံစား၊ သူများအကုသိုလ်ကိုကိုယ့်အကုသိုလ်မဖြစ်အောင်နေ၊ ကုသိုလ်ဖြစ်အောင်လုပ်ပြီး ကိုယ်ရောအများပါ ငြိမ်းချမ်းအောင် ပြုနိုင်စွမ်းသူများ ဖြစ်ကြသည်။ စိတ်ထားဖြူစင်၍ မေတ္တာတရားကြီးသူများ ဖြစ်တတ်သည်။

အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန် ချင့်ချိန်တတ်သူများဖြစ်၍ ထိုကဲ့သို့ လူကောင်းသူကောင်းများကို သွားစော်ကားမိဖို့ မသင့်ပါပေ။ သူယုတ်မဟုတ်ပါဘဲ ဘာကြောင့် သူယုတ်ဟု စွပ်စွဲရသနည်း၊ လူမိုက်မဟုတ်ဘဲ ဘာကြောင့်လူမိုက်ဟု ပြစ်တင်နေရသနည်း။ သူများအသက်ခန္ဓာများကို မတရားသတ်ဖြတ်နေကြသူများမှာ အဘယ်သို့သော လူမျိုးနည်း။ အကြောင်းအကျိုး မျှတမှန်ကန်စွာဖြင့် ပြောတတ်၊ ဆိုတတ်၊ ပြုမူတတ်ရပါမည်။ ဘုရားရှင်၏စကားများကို တိုက်ရိုက်ရေးချပြီး အဓိပ္ပာယ်မသိဘဲ ပြောနေရုံနှင့်မပြီးပါ။ ဒုဇ္ဇနဟုသတ်မှတ်ရန်၊ ဗာလဟုဆိုရန်၊ ကီနာသဟုညွှန်းရန် အဘယ်အကြောင်းအချက်တွေရှိသနည်း။ တစ်ဦးတစ်ယောက်ကိုသူယုတ်ဟုပြောလျှင် သူယုတ်တစ်ယောက်၏ အမှတ်အသားလက္ခဏာများ၊ သူယုတ်တစ်ယောက်၏ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံ၊ သူ့အနေဖြင့် ဘာကြောင့် ဒီလိုဖြစ်နေရသလဲ နောက်ခံအကြောင်းတရား၊ ထို့နောက်မှ သူယုတ်မာဟု သတ်မှတ်နိုင်လောက်သည့် မိမိ၏ ဉာဏ်ပညာအတိုင်းအတာ စသည်တို့ကို ပိုင်းခြားဆန်းစစ်နိုင်သူ ဖြစ်သင့်ပါသည်။ ထိုသို့မဟုတ်ဘဲ အကြောင်းမဲ့၊ မခိုင်လုံဘဲ ပြောကြားနေရုံဖြင့် အလုပ်မဖြစ်၊ မိမိကိုယ်တိုင်ပင် မကောင်းသူ သူယုတ်မာဖြစ်သွားနိုင်သည်ကို သတိပြုစေချင်ပါသည်။

မနုဿဟူသောလူတို့မှာ ပုထုဇဉ်ဖြစ်၍ အမှားနှင့်တော့မကင်းနိုင်ပါ။ သို့သော် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းအောင်ဆောင်ရွက်နေသူ၊ အေးချမ်းသာယာအောင်ဆောင်ကြဉ်းနေသူ၊ မြတ်စွာဘုရားသာသနာအဆုံးအမများကို ထိန်းသိမ်းစောင့်ရှောက်နေသူများ၊ ဘာသာသာသနာကို ချီးမြှင့်နေသူများသည် အများထက်သာ၍ အမှားနည်းမှာတော့ သေချာပါသည်။ အမှားနည်းတော့ အကုသိုလ်လည်း နည်းမည်။ မနောကံစိတ်ထား မည်သို့ရှိသည်မသိ၊ ကာယကံမြောက်အပြုအမူ၊ ဝစီကံမြောက်အပြောအဆိုမှာတော့ ကုသိုလ်၊ အကုသိုလ် ကွဲပြားသွားမှာသေချာသည်။ သူယုတ်မဟုတ်သည့်သူကို သူယုတ်ဟုစွပ်စွဲခြင်း၊ လူမိုက်မဟုတ်သူကို လူမိုက်ဟု သမုတ်ခြင်း၊ လူမသတ်ဘဲ လူသတ်သမားဟု ထပ်ကာထပ်ကာ အကြိမ်များစွာ ဝေဖန်မိသူကိုယ်တိုင်မှာ ယခုပစ္စုပ္ပန်မှာတင် အကုသိုလ်ဇောများ အကြိမ်များစွာဖြစ်နေမှာ သေချာသည်။ လူကောင်းကို လူမိုက်ဟုစွပ်စွဲပြီး ကိုယ်ကိုယ်တိုင်ကမူ လူယုတ်လူမိုက်၊ ဒုစရိုက်သမား ဖြစ်နေလျှင် ပိုဆိုးသည်။ လားရာဂတိ ဘယ်လိုမှ ကောင်းစရာမရှိ အပါယ်လားမှာ သေချာလှသည်။

> “ကိုယ်လုပ်သည့်အပြုအမူ အပြောအဆိုတွေက အများအကျိုးရှိရဲ့လား၊ အများပြည်သူ ဒုက္ခပူဆွေးသောကရောက်အောင် ပြုမိနေသလား၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊ အိုးအိမ်တိုက်တာ၊ အများပိုင်ပစ္စည်းတွေ၊ လမ်းတွေ၊ တံတားတွေဖျက်ဆီးရာမှာ၊ သူများအသက်ကို သတ်ဖြတ်ရာမှာ အားပေးပါဝင် တိုက်တွန်းမိနေပါသလား၊ မကောင်းသည့်အနိဋ္ဌာရုံတို့ကို ထောက်ပံ့ဝန်းရံသလိုများ ဖြစ်နေပါသလား၊ သူတော်ကောင်းအပြုအမူ ရှိ၊ မရှိ၊ မင်္ဂလာတရားများ နှင့်အညီဖြစ်၊ မဖြစ် အကဲဖြတ်ကြည့်စေလို”

### အမှတ်မှားခဲ့သည့် သညာကြောင့်သာ

ပြန်ဆန်းစစ်လျှင် ထိုကဲ့သို့ အဓိပ္ပာယ်မဲ့၊ တရားလက်လွတ်ပြောဆိုရေးသားသူများမှာ တစ်စုံတစ်ခုသော အကြောင်းအရာတစ်ခု၊ ကိစ္စတစ်ခု လူတစ်ယောက်ကို မှတ်သားထားစဉ်ကတည်းကပင် ကောင်းတာကို ကောင်းသည်ဟုမမှတ်၊ အမှားအဖြစ်သာ မှတ်ထားမိ၍ဖြစ်သည်။ “သညာ” ဟုခေါ်သည့် ထိုကိုယ်မှတ်သားထားသောအရာကိုလည်း ကောင်းစွာမစီမံတတ်သည့်အပြင် မကောင်းသောအနိဋ္ဌာရုံကို ကောင်းသောဣဋ္ဌာရုံဟု၊ ကောင်းသောဣဋ္ဌာရုံအစစ်ကို မကောင်းသော အနိဋ္ဌာရုံအဖြစ် အမှတ်မှား မှတ်ထားလေ့ရှိကြပြီး အကုသိုလ်ကို အကုသိုလ်မှန်းမသိလောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ့ရှိကြသည်။ မကောင်းတာကို ကြိုက်တတ်ပြီး ကောင်းတာကိုမူ ပစ်ပယ်လေ့ရှိကာ အနှစ်မဟုတ်သည်ကို အနှစ်ဟု ထင်မှတ်မှား၍ အမှားမှာ ယစ်မူးလေ့ရှိကြသည်။ ထို့ကြောင့်လည်း လူကောင်းကို လူကောင်းဟုမထင်၊ လူမိုက်ကိုလည်း လူမှန်ဟု ထင်မှတ်မှားနေကြခြင်းဖြစ်သည်။ အတိတ်ဘဝ၊ အတိတ်ကာလများက သူတို့မှတ်သားထားသည့် သညာဟုခေါ်သည့် မှတ်သားမှုများ မကောင်းခဲ့၍ဖြစ်သည်။ မှတ်သားမှုများမကောင်းခဲ့၍ ဝေဒနာဟုခေါ်သည့် အာရုံမှာ ခံစားမှုများလည်း မကောင်းဘဲ အကုသလဝိပါက်ဖြစ်သည့် အကုသိုလ်အကျိုးများ ကြုံလာရခြင်းဖြစ်သည်။

ကောင်းသောအာရုံဖြစ်သော်ငြား ဒေါသနှင့် ဒေါသဇော၊ မကောင်းသောအာရုံဖြစ်သော်လည်း လောဘနှင့် လောဘဇောဖြစ်ပြီး မစင်တောထဲက လောက်များနှယ်၊ မစင်တွင်းထဲက ဝက်များနှယ် ဖြစ်နေရကာ အမှန်မှာ သနားစရာပင်ကောင်းနေတော့သည်။ ဩော်...သူတို့မှာ မသိမှုအဝိဇ္ဇာခြုံရုံနေပါလား၊ အမှန်အမှားမသိမှုကြောင့် တဏှာအရင်းခံပြီး ပြောမိပြောရာ၊ လုပ်မိလုပ်ရာတွေဖြစ်နေပါလား၊ သူတို့ပြုခဲ့၊ ပြောခဲ့ အကုသိုလ်တွေကြောင့် အပါယ်သို့ လားရမှာပါလား၊ သူတို့ကသာ တကယ့်ကို လူ့ဗာလ၊ သနားစရာကောင်းသူများဖြစ်၍ အပြစ်လည်း မတင်မိ၊ ထို့ကြောင့်လည်း တကယ့် ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီးများ၊ သံဃာတော်ကြီးများ၊ ရတနာသုံးပါးကြည်ညို၍ အများအကျိုးဆောင်နေသူပုဂ္ဂိုလ်များမှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပြည့်ဝကြသူများဖြစ်၍ ဘယ်လောက်ခံရခံရ ကံအကျိုးပေးဟု မှတ်၍ ဘာအာရုံနှင့်တွေ့တွေ့ ဘာမှမတုံ့ပြန် ဆိတ်ဆိတ်နေနိုင်ကြခြင်းဖြစ်ဟန်တူသည်။ ဒါသည်ပင် စွပ်စွဲပြောဆိုနေသူများအပေါ် မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာဖြင့် ခွင့်လွှတ်နေခြင်းဖြစ်သည်။

ကိုယ့်ဘက်က တုံ့ပြန်လိုက်လျှင် သူတို့မှာ ပညာအားနည်းသူများဖြစ်၍ သူတို့မှာဒေါသတွေသာ ပိုထွက်လာမည်၊ လောဘတွေပိုများလာမည်၊ အမိုက်မှောင်မှာ အကုသိုလ်ပိုကြီးသွားမှာစိုး၍ မိမိဘက်က မတုံ့ပြန်ခြင်းလည်း ဖြစ်ဟန်တူသည်။ တချို့များ ဒီလိုမတုံ့ပြန်တာကိုပင် သူတို့ပြောတာ၊ ဆိုတာ မှန်နေ၍၊ ဟုတ်နေ၍ဟု ထင်မှတ်မှားနေကြပြန်သည်။ ပညာရှိသူဟူသည် သူဆဲတိုင်း လိုက်မဆဲတတ်၊ သူရန်ပြုတိုင်းလည်း လိုက်ပါရန်မဖွဲ့တတ်၊ ရန်မီးမပွားဘဲ ငြိမ်းအေးလိုသည့်ဆန္ဒသာရှိသည်၊ ဘာဝနာ ပညာပြည့်သူများအနေဖြင့်မူ လောကမှာနှိပ်စက်မှု၊ ပူလောင်မှုမှန်သမျှကို ဒုက္ခအဖြစ်သာမြင်၍ ထိုသို့ ပြုသူများအပေါ် အပြစ်မမြင်တတ်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ သည်းခံပြီး ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ တစိုက်မတ်မတ် လိုက်နေခြင်းဖြစ်သည်။

သူတော်ကောင်းဟူသည် အငြိုးအတေးမထားတတ်၊ အသာစီးကမနေတတ်၊ ဆန့်ကျင်ဘက် အငြိုးအတေးထားသူများ၊ နေရာတကာအသာစီးရလိုသူများအနေဖြင့်မူ ငါတို့သည်သူတော်ကောင်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ သူယုတ်မာလူမိုက်များ ဖြစ်နေပါလားဟူ၍ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်အောင်သာ ကြိုးစားသင့်ကြသည်။ သူတို့အဖြစ်ကို ကြည့်၍ အလွန်သနားနေသည့် ကရုဏာမေတ္တာရှင်များ၏ အတွင်းအဇ္ဈတ္တကိုသာ မြင်နိုင်စွမ်းရှိအောင် ကြည့်ကြပါစို့လား...။ ထိုသူတွေ၊ ထိုလိုလူတွေနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း၊ သူတို့နှင့်ပတ်သက်သည့်ပတ်ဝန်းကျင်များမှာ အဘယ်မှာလျှင် ဒုဇ္ဇန ဗာလ ကီနာသတို့ ဖြစ်နိုင်တော့မှာလဲ၊ မိမိကိုယ်တိုင်သာ ပြန်လည်ဆန်းစစ်စေချင်လှသည်။

### ပရာဘဝ မဖြစ်နိုင်ပါ

အထက်ပါ သူတော်ကောင်းတရားများနှင့် ပြည့်စုံပါက ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်သည့် ပရာဘဝအဖြစ်နှင့် မည်သို့မှမကြုံနိုင်ပါ။ ပရာဘဝ ဟူသည်မင်္ဂလာတရားနှင့်ဆန့်ကျင်ဘက်ဖြစ်ကြောင်း ဘုရားရှင်က ဟောကြားခဲ့သည်။ ယနေ့ ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် အချိန်ရပါက ဗုဒ္ဓ၏တရားတော်များကို နာယူကြ၏။ အချိန်လု၍လည်း တရားနာယူကြခြင်းမှာ သူတော်ကောင်းတရားများကို နှစ်သက်၍ဖြစ်သည်။ တရားနာ၍ အသိတိုးသိရုံမက လိုက်နာကျင့်ကြံခြင်းဖြင့် မိမိပတ်ဝန်းကျင်၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ သာယာလှပအောင် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်နေကြသည်ကို လက်တွေ့မြင်နိုင်ပါသည်။ ဆန့်ကျင်ဘက်တို့ကား ပုတ်ခတ်စွပ်စွဲရုံမှလွဲ၍ အခြားဘာမျှ မလုပ်တတ်။ မင်္ဂလာတရားနှင့်ဆန့်ကျင်၍ မိမိကိုယ်တိုင် ပရာဘဝဖြစ်၊ မဖြစ် ဆန်းစစ်ရန်နှင့် ဆန်းစစ်နိုင်သည့်အသိဉာဏ်ရှိရန်လည်း လိုပါသည်။

ကိုယ်လုပ်သည့်အပြုအမူ အပြောအဆိုတွေက အများအကျိုးရှိရဲ့လား၊ အများပြည်သူဒုက္ခပူဆွေးသောကရောက်အောင် ပြုမိနေသလား၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊ အိုးအိမ်တိုက်တာ၊ အများပိုင်ပစ္စည်းတွေ၊ လမ်းတွေ၊ တံတားတွေဖျက်ဆီးရာမှာ၊ သူများအသက်ကိုသတ်ဖြတ်ရာမှာ အားပေးပါဝင် တိုက်တွန်းမိနေပါသလား၊ မကောင်းသည့်အနိဋ္ဌာရုံတို့ကို ထောက်ပံ့ဝန်းရံသလိုများ ဖြစ်နေပါသလား၊ သူတော်ကောင်းအပြုအမူရှိ၊ မရှိ၊ မင်္ဂလာတရားများနှင့်အညီဖြစ်၊ မဖြစ် အကဲဖြတ်ကြည့်စေလိုပါသည်။

မြတ်စွာဘုရား၏ တရားတော်များကို ယနေ့ ဆရာတော် သံဃာတော်များ၊ သူတော်ကောင်းများစွာက လက်ဆင့်ကမ်းထိန်းသိမ်းကာ ဟောကြားသည်များကို နှစ်သက်မြတ်နိုးစွာဖြင့် အစဉ်မပြတ်နာယူမှတ်သား လိုက်နာကျင့်ကြံကြသူများသည် လူယုတ်မာဟူ၍ မည်သို့မျှမဖြစ်နိုင်သလို ကိုးကွယ်ဆည်းကပ်မှုမှားသည်ဟုလည်း မဆိုနိုင်ပါ။ တရားကြောင့် ဒါနကိုလည်းပြုနိုင်ကြသည်၊ သီလကိုလည်းစောင့်ထိန်းနိုင်၊ ဘာဝနာကိုလည်း အားထုတ်နိုင်ကြသည်ကိုကြည့်၍ အကဲဖြတ်နိုင်သလို လူတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ သူများဥစ္စာခိုး၊ အတင်းအဓမ္မ စော်ကားပြုကျင့်ခြင်း၊ ကြမ်းတမ်းသောစကား၊ မလျော်ကုန်းတိုက်သောစကားများဖြင့် လိမ်ညာပုတ်ခတ်စွပ်စွဲခြင်း၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကား၊ ကိုယ်တိုင်လည်း သုံးစွဲကြသည်ကို ကြည့်၍လည်း သီလနှင့်ညီ၊ မညီ ဆန်းစစ်နိုင်ပါသည်။ သီလရှိသူ၊ ကုသိုလ်ပြုနေသူကို စွပ်စွဲမိလျှင် ကိုယ်တိုင်က သီလမရှိ၊ အကုသိုလ်သာ ဖြစ်နေကြောင်းကိုတော့ သတိပြုရမည်ဖြစ်သည်။

ယခုခေတ်ကာလကြီးကား ဆုတ်ကပ်ထဲရောက်နေပြီး ပျက်ချိန်တန်ပျက်၍ ပြဿနာများနှင့် ပျက်စီးခြင်းကြုံရသူများ များပြားလာသည်ကို သတိထားမိသည်။ အပျက်များကြားမှာ ကိုယ်မပါစေရန် မဖြစ်သေးသည့်အကုသိုလ်ကို မဖြစ်မိအောင် အကုသိုလ် အမှုမှန်သမျှ တတ်နိုင်သမျှ ရှောင်ရှားကြပြီး ကုသိုလ်အလုပ်များ ပိုတွေး၊ ပိုပြော၊ ပိုလုပ်ဖြစ်အောင်သာ ဝီရိယထားသင့်ပါသည်။ ဘယ်အရာမဆို အကြောင်းကြောင့် အကျိုးရသည်ချည်းသာ။ အကြောင်းဟူသည် တစ်ခုတည်းလည်း ဘယ်တော့မှမလာ၊ အကြောင်းတရားတို့ပေါင်းစုံညီညွတ်၍သာ အကျိုးတရားဖြစ်လာရသည်ကို သိထားလျှင် ဘယ်သူ့ကိုမှ တရားလက်လွတ် စွပ်စွဲနေတော့မည် မဟုတ်ပါ။ သူ့ကြောင့်လို့သာ စွပ်စွဲပြောဆိုဝေဖန်နေတာ၊ တကယ်တမ်းကျတော့ ကိုယ်ကိုယ်တိုင်လည်း လောဘ ဒေါသကမလျှော့၊ အယူကတလွဲ၊ အတွေးကမမှန်၊ အပြောမှား ၊ အလုပ်မှားများဖြစ်နေပါသလား၊ ထပ်ကာထပ်ကာ ဆန်းစစ်စေလိုပါသည်။

ကိုယ့်အပြော၊ ကိုယ့်အရေးတစ်ခုကြောင့် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခပိုကြီးထွားလာသည် ဆိုလျှင် ဒါသည်ကိုယ့်ဘက်က အမှားဟု ဆင်ခြင်နိုင်စွမ်းရှိရပါမည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်သာ ဆင်ခြင်သုံးသပ်၍ ဗုဒ္ဓ၏တရားတော်များကို သိအောင်လုပ်ကြပါ။ ကုသိုလ်မြဲ၍ တရားရှိသူကို အနှောင့်အယှက်ပေးရန်ခက်သည့်အတွက် တရားသဘောမသိဘဲ သူများအပေါ် မကောင်းပြောခြင်းမှ ရှောင်ကြဉ်ကြပြီး လောကကြီးကို အလှဆင်နိုင်ကြပါစေ။ မှန်မှန်ကန်ကန်ပြုလုပ်သူများအပေါ် ဒုဇ္ဇန ဗာလ ကီနာသဟု တရားလက်လွတ်ပြောဆိုခြင်းများမှ ရှောင်ရှားပြီး ကိုယ်ကိုယ်တိုင်ပင် ပရာဘဝအဖြစ်ဆိုးများမှ လွတ်ကင်းကြပါစေဟု ဆုတောင်းလိုက်ပါသည်။ ။

# စံချိန်စံညွှန်းမူကြမ်း(၇၀)ကို မြန်မာစံချိန်စံညွှန်းများအဖြစ် ချမှတ်အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားအဆင့် အရည်အသွေးအခြေခံ အဆောက်အအုံခိုင်မာအားကောင်းစေခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေးနှင့်ထုတ်ကုန်အရည်အသွေး မြှင့်တင်ပေးသော စံချိန်စံညွှန်းများ ထွက်ပေါ်လာရေး၊ နိုင်ငံတကာအသိအမှတ်ပြုအရည်အသွေး ထောက်ခံချက်ထုတ်ပေးနိုင်ရေး၊ စံချိန်စံညွှန်းများကို လွယ်ကူစွာဝယ်ယူ သုံးစွဲနိုင်ရေးနှင့် လက်တွေ့ကျကျကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးတို့ဆွေးနွေးညှိနှိုင်းရန်အတွက် စံချိန်စံညွှန်း လုပ်ငန်းကော်မတီ (၁/၂၀၂၄)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ UMFCCI ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းတို့မှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေးသို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူမည့် အများပြည်သူ သဘောထားမှတ်ချက် ရယူထားပြီးဖြစ်သော စံချိန်စံညွှန်းများ၊ စံချိန်စံညွှန်းများကို လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေးအတွက် Soft Copy ဖြင့် ရောင်းချနိုင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စံချိန်စံညွှန်း လုပ်ငန်း ကော်မတီဝင်များက ဆပ်ကော်မတီအလိုက် အဆိုပြုတင်ပြထားသည့် စံချိန်စံညွှန်းများ၊ ရေးဆွဲလျက်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်းများနှင့် အများပြည်သူ သဘောထားမှတ်ချက်များရယူဆောင်ရွက်ခဲ့ပြီးဖြစ်သော မြန်မာစံချိန်စံညွှန်း မူကြမ်းအကျဉ်းချုပ်များ၊ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနများ၊ အသင်းချုပ်နှင့် အသင်းများမှ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းကော်မတီ အစည်းအဝေးမှ ဆွေးနွေးအတည်ပြုခဲ့သော စံချိန်စံညွှန်းမူကြမ်း (၇၀) ကို မြန်မာစံချိန်စံညွှန်းများအဖြစ် ချမှတ်အတည်ပြုနိုင်ရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေးသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမြင့်စိုး၊ ဌာနဆိုင်ရာများ၊ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးချိန်တွင် ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူပြီး အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသို့တင်ပြနိုင်ရေး၊ ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျိုက်မရောမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်လှစ်

**ကျိုက်မရော စက်တင်ဘာ ၁၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က အ.ထ.က (ကျိုက်မရော)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကား ပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသန့်ဇင်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်း၌ စာရင်းစစ်၊ စာရင်းကောက်ဆိုင်ရာ အကြောင်းအရာများနှင့် သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများကို နည်းပြဆရာ ခြောက်ဦးတို့က သင်တန်းသား သင်တန်းသူ ၁၀၃ ဦးတို့ကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ၂၀၂၄ခုနှစ် အောက်တိုဘာ ၁ ရက်၌ စာရင်းကောက်ယူရာတွင် ကျိုက်မရော မြို့နယ်အတွင်း ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကောက်ကွက်ပေါင်း ၁၇၄ အဖွဲ့အစည်းကောက်ကွက် ၄ခု စုစုပေါင်း ၁၇၈ ကွက်တို့၌ စာရင်းစစ်၊ စာရင်းကောက်များဖြင့် စနစ်တကျကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**အိမ်မဲ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည့် လုပ်ငန်းများ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်နှင့် အမှာစကားများကို ပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက သန်းခေါင်စာရင်းကောက်ယူစဉ် ကာလအတွင်း နေ့စဉ်ပေးပို့ရမည့် စာရင်းများကို မှန်ကန်စွာပေးပို့နိုင်ရေးအကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေမှ အခန်း (၇)ခန်းနှင့် ပုဒ်မ (၂၇)ခု တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်သော ပစ္စည်းများကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအား ပေးအပ်သည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ယာဉ်မတော်တဆမှုများကြောင့် နေ့စဉ်နှင့်အမျှ လူ့အသက်ပေါင်း များစွာ ဆုံးရှုံးနေကြရပြီး ယခုလို ဆုံးရှုံးမှုများသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကလေးလူငယ်များ များစွာ ပါဝင်နေခြင်းကို အားလုံးသိရှိကြပြီး ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မော်တော်ဆိုင်ကယ် အသုံးပြုမှုများပြားသည့် နိုင်ငံဖြစ်သည့်အတွက် မော်တော်ဆိုင်ကယ်တိုက်မှု၊ သေဆုံးမှု၊ ဒဏ်ရာရရှိမှု များပြားနေခြင်းကိုလည်း အမြန်ဆုံး တားဆီးထိန်းချုပ်ကာကွယ်နိုင်အောင် တာဝန်ရှိသူအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်း အသုံးပြုသူတိုင်း တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ အား လေးစားလိုက်နာတတ်စေရန် ပညာပေးစည်းရုံး ဆောင်ရွက်ကြရမည့်အပြင် မော်တော်ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးသေချာစွာ တပ်ဆင်မောင်းနှင်စေရန်၊ ဝတ်ဆင်မောင်းနှင်ရာတွင် အရည်အသွေးပြည့်မီသည့် မော်တော်ဆိုင်ကယ်စီးဦးထုပ်များအား ရွေးချယ်အသုံးပြုကြစေရန် အသိပညာပေးခြင်းများဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကော်မတီဝင် အဖွဲ့ဝင်များအနေဖြင့် ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အမှန်တကယ် သိရှိနားလည် လိုက်နာဆောင်ရွက်တတ်စေရန် အသိပညာပေးမှု၊ စစ်ဆေးကြပ်မတ်မှု၊ အရေးယူမှုများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက မိမိတို့ ကော်မတီများအလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက် မပြတ် ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိ ရေကြီး ရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည်။

**တက်ကြွစွာဆောင်ရွက်ပေး**

ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး အဖွဲ့များက ရေများပြန်လည်ကျဆင်း သွားသည့် နေပြည်တော်ကောင်စီ နယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေး မြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလော မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး နှင့်ရမည်းသင်းမြို့နယ် အပါအဝင် အခြားမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများတွင် လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း**(အောက်ပုံ)**၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်း ပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နွံများ၊ သစ်ပင် သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည် များကို ဒေသခံပြည်သူများ နှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**အားတက်သရေလှူဒါန်း**

ထို့ပြင် ယာယီရေဘေးရှောင် စခန်းများ၊ ဘုန်းတော်ကြီးကျောင်း များနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း နှင့်လိုအပ်သည့် ကျန်းမာရေးအသိ ပညာပေးဟောပြော ဆွေးနွေး ခြင်းများ ဆောင်ရွက်ပေးသည်။ **(အောက်ယာပုံ)** ရေဘေးသင့် ပြည်သူများ စားသောက်ရေး အခက်အခဲ မရှိစေရေးအတွက်လည်း တပ်မတော် (ကြည်း၊ ရေ၊



လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များ က ထောက်ပံ့ပစ္စည်းများ၊ အဝတ် အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာ များနှင့် အလှူငွေများကို လူသား ချင်းစာနာ ထောက်ထားစွာဖြင့် အားတက်သရေပေးအပ်လှူဒါန်း လျက်ရှိသည်။**(အပေါ်ပုံ)**

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း / တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည် ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/ တံတားများကိုလည်း ယာယီ သံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင် ရန် ကျန်ရှိနေသည့် တံတားများကို လည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**







# ရေဘေးသင့် မိသားစု ၁၂၀၀ ထံသို့ မြန်မာ့ဘောလုံးမိသားစုအဖွဲ့များ သွားရောက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာ့ဘောလုံးလောကမှ လက်ရွေးစင် ကစားသမားဟောင်းများ၊ နည်းပြများ၊ ကလပ်အသင်းပိုင်ရှင်များ၊ ဖူဆယ်ကစား သမားများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ထက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်တို့မှ ဝန်ထမ်းများပါဝင်သည့် မြန်မာ့ဘောလုံး မိသားစုသည် စက်တင်ဘာ ၁၇ ရက်က အဖွဲ့များခွဲ၍ ရေဘေးသင့် ဒေသများသို့ သွားရောက် ပံ့ပိုးကူညီလှူဒါန်းခဲ့သည်။

မြန်မာ့ဘောလုံးမိသားစု ရေဘေး ကူညီရေးအဖွဲ့များသည် ပျော်ဘွယ်နှင့် လယ်ဝေးခရိုင် ရေဘေးသင့်ဒေသများမှ မိသားစုများအတွက် မိသားစုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ခေတ်ဆား နှင့်ဆေးဝါး၊ မြန်မာအသင်းဂျာစီ၊ ဆေးဝါး နှင့် ရိက္ခာခြောက်များပါဝင်သည့် အိတ် များအား မိသားစု ၁၂၀၀ အတွက် သွားရောက် ပံ့ပိုးလှူဒါန်းခဲ့ခြင်းဖြစ် သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

# အမေရိကန်သမ္မတဟောင်း ထရမ့်ကို လုပ်ကြံရန်ကြိုးပမ်းသူ တရားမဝင်လက်နက်ကိုင်ဆောင်မှုပြစ်မှုနှစ်မှုဖြင့် ရင်ဆိုင်နေရ

ဝါရှင်တန် စက်တင်ဘာ ၁၇

**အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကို လုပ်ကြံရန်ကြိုးပမ်းခဲ့ပုံရသည့် အမျိုးသားတစ်ဦးသည် ဖလော်ရီဒါတွင် တရားမဝင်လက်နက်ကိုင်ဆောင်မှု ပြစ်မှုနှစ်မှုဖြင့် ရင်ဆိုင်နေရကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် စာရွက်စာတမ်းအချက်အလက်များအရ သိရသည်။**



အသက် ၅၈ နှစ်ရှိ ရိုင်ယန်ဝက်စ်လေရှဒ်ကို အမှတ်စဉ်နံပါတ်ဖျက်ထားသော သေနတ်တစ်လက် ပိုင်ဆိုင်မှုနှင့် ပြစ်မှုကျူးလွန်သည့်သေနတ်လက်ဝယ် တွေ့ရှိမှုတို့ဖြင့် တရားစွဲထားသည်။ လျှို့ဝှက်ထောက်လှမ်းရေးတစ်ဦးက ထရမ့် နိုင်ငံတကာ ဂေါ့ဖ်ကလပ် ခြံစည်းရိုးအပြင်ဘက်တွင် ရိုင်ဖယ်သေနတ်ပြောင်းတစ်ခု တွေ့ရှိခဲ့ပြီးနောက် သံသယရှိသူကို တနင်္ဂနွေနေ့က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ထရမ့်သည် အလျှူရှင်တစ်ဦးနှင့်အတူ ၎င်း၏ ဂေါက်ကလပ်အတွင်းရှိ တွင်းအမှတ် ငါးနှင့် ခြောက်ကြားတွင် သွားလာနေချိန်၊ ၎င်းနှင့် သေနတ်သမားတို့သည် ကိုက် ၃၀၀ မှ ၅၀၀ ကြား (၂၇၄.၃ မီတာ-၄၅၇.၂ မီတာ) အကွာတွင်ရှိနေချိန်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထရမ့်ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိပေ။ သံသယရှိသူ သေနတ်သမားသည် ထရမ့်ကိုပစ်ခတ်လုပ်ကြံရန် ပစ်ကွင်းမရှင်းကြောင်းနှင့် ထောက်လှမ်းရေးများကိုလည်း ပစ်ခတ်နိုင်ခြင်းမရှိကြောင်း လျှို့ဝှက်စုံစမ်းထောက်လှမ်းရေး ညွှန်ကြားရေးမှူး (ခေတ္တ) ရော်နယ်ရိုဝီက တနင်္လာနေ့သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားလိုက်သည်။

၁၂ နာရီနီးပါးကြာ အခင်းဖြစ်ပွားခဲ့သော ဂေါက်ကွင်းအနီးတွင် သံသယရှိသူ၏ လက်ကိုင်ဖုန်းရှိနေခဲ့ကြောင်း တရားရုံးမှတ်တမ်းများက ဖော်ပြခဲ့သည်။ သံသယရှိသူသည် ကိုယ်တိုင်ထုတ်ဝေခဲ့သည့် ၂၀၂၃ စာအုပ်ဖြစ်သော "Ukraine's Unwinnable War" ကိုရေးသားသူအဖြစ် ဖော်ပြခဲ့သည်။ အဆိုပါစာအုပ်ထဲတွင် ဇန်နဝါရီ ၆ ရက် ၂၀၂၁ အမေရိကန်ကွန်ဂရက် (အောက်)လွှတ်တော်အဆောက်အအုံအဓိကရုဏ်းကို ထရမ့်နှင့် ၎င်း၏ ဒီမိုကရေစီမဆန်သောလူစုက ကျူးလွန်ခဲ့သော “ကပ်ဆိုး” အဖြစ် ဖော်ပြခဲ့သည်။ ထို့အတူစာအုပ်ထဲတွင် ထရမ့်ကို လွတ်လွတ်လပ်လပ် သဘောရှိ လုပ်ကြံကြပါဟု စာဖတ်သူများကို ပြောကြားထားသည်။

ဖက်ဒရယ်စုံစမ်းစစ်ဆေးရေး ဗျူရို (အက်ဖ်ဘီအိုင်)သည် ၎င်း၏နောက်ကြောင်းကို အသေးစိတ်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေသောကြောင့် သံသယရှိသူ၏ လှုပ်ရှားဆောင်ရွက်မှုများကို လတ်တလောတွင် ရှင်းရှင်းလင်းလင်း မသိရသေးချေ။ ဒီမိုကရက်တစ်များထံမှ ရောင်ပြန်ဟပ်သည့် စကားလုံးများက မိမိကို နှစ်လအတွင်း ဒုတိယအကြိမ် လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုကို ဖြစ်စေသည်ဟု ထရမ့်က ပြောကြားလိုက်ပြီး ၎င်း၏ ပြိုင်ဘက်များကို စော်ကားသည့် စကားလုံးများဖြင့် တိုက်ခိုက်ခဲ့သည်။

ဆင်ဟွာ

# အပူပိုင်းမုန်တိုင်း ပူလာဆန် ဂျပန်အနောက်တောင်ပိုင်းသို့ ချဉ်းကပ်လာနိုင်

တိုကျို စက်တင်ဘာ ၁၇

အားကောင်းသော အပူပိုင်းမုန်တိုင်းတစ်ခုသည် ဗုဒ္ဓဟူးနေ့တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုခီနာဝါခရိုင်နှင့် ကာဂိုရှီးမားခရိုင်တို့ကို ချဉ်းကပ်လာနိုင်ကြောင်း သိရသည်။




အင်္ဂါနေ့ နံနက် ၆ နာရီအထိ အပူပိုင်းမုန်တိုင်း ပူလာဆန် (Pulasan) သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မာရီယာနာကျွန်းစုများအနီး ရေပြင်တွင် တစ်နာရီလျှင် ၃၀ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

မုန်တိုင်း၏ အလယ်ဗဟိုလေထုဖိအား ၉၉၆ ဟက်တိုပါစကယ်ရှိကြောင်း သိရသည်။ ၎င်း၏ ဗဟိုချက်တွင် အများဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၆၅ ကီလိုမီတာခန့်မှ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၉၀ အထိရှိကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း အိုခီနာဝါဒေသဝန်းကျင်တွင် မိုးရေချိန် ၅၀ မီလီမီတာအထိ ရှိနိုင်ကြောင်း၊ ထို့ပြင် ကြာသပတေးနေ့ နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း အမာမိဒေသဝန်းကျင်တွင် မိုးရေချိန် ၁၅၀ မီလီမီတာနှင့် အိုခီနာဝါဒေသတွင် ၁၀၀ မီလီမီတာအထိ ရောက်ရှိနိုင်ကြောင်းလည်း သိရသည်။

လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သတိထားကြရန် ပြည်သူများအား မိုးလေဝသတာဝန်ရှိသူများက တိုက်တွန်းထားသည်။ လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုကျခြင်း၊ မြေနိမ့်ပိုင်းဒေသများ ရေကြီးရေလျှံမှုဖြစ်ခြင်း၊ မြစ်ရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းတို့အတွက်လည်း သတိထားကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံသို့ ၁၂ လအတွင်း နိုင်ငံခြားခရီးသွား ၉၀၀၀ ခန့် လာရောက်လည်ပတ်

**ကဘူးလ် စက်တင်ဘာ ၁၇**

နိုင်ငံခြားခရီးသွား ၉၀၀၀ ခန့်သည် လွန်ခဲ့သည့် ၁၂ လအတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြောင်း အင်္ဂါနေ့တွင် ဖော်ပြသော သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အချက်အလက်အရ သိရသည်။



အဆိုပါ ကာလအတွင်း နိုင်ငံခြားခရီးသွား ၉၀၀၀ ခန့်နှင့် ပြည်တွင်းခရီးသွား ကိုးသန်းတို့သည် အာဖဂန်နစ္စတန်နိုင်ငံ၏ အပန်းဖြေရာနေရာများနှင့် သမိုင်းဝင်နေရာများသို့ လည်ပတ်ခဲ့ကြကြောင်း ကျန်းမာရေးဝန်ကြီးဌာန ခေတ္တဒုတိယဝန်ကြီး မော်လော်ဝီကာဒရာတူလာ ဂျမေးလ်က ပြောသည်။

ထို့ပြင် ဝန်ကြီးဌာနသည် ယင်းကာလအတွင်း ကဘူးလ်လေဆိပ်နှင့် နယ်စပ်အကောက်ခွန်များတွင် သမိုင်းဝင်ရှေးဟောင်းပစ္စည်း ၄၁၆ ခု မှောင်ခိုကူးမှုကိုလည်း တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားသူ ၉၅၀၀ ကျော်ရှိပြီး လူပေါင်း ၃၁၅ ဦး သေဆုံး

**ခါတွမ် စက်တင်ဘာ ၁၇**

ဆူဒန်နိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၃၁၅ ဦးအပါအဝင် ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၉၅၃၃ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောသည်။

**တရားဝင်ထုတ်ပြန်ကြေညာ**

နောက်ဆုံးရောဂါဖြစ်ပွားမှုသည် တနင်္ဂနွေနေ့အထိ ၉ ၅၃၃ ဦးအထိ ရှိလာကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။ ဆူဒန်ကျန်းမာရေးဝန်ကြီး မိုဟာမက် အီဗရာဟင်သည် ဆူဒန်နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကို ဩဂုတ်လ ၁၇ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

**ကူးစက်ရောဂါများပျံ့နှံ့ခဲ့**

ကာလဝမ်းရောဂါကူးစက်ပျံ့နှံ့မှု ဆိုးရွားလာခြင်းမှာ စစ်ပွဲနှင့် မသန့်ရှင်းသောရေများကို သုံးစွဲမိခြင်းကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်အခြေအနေများကြောင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက မှတ်ယူထားသည်။ ဆူဒန် တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့ Rapid Support Forces တို့ကြား ပဋိပက္ခဖြစ်ပွားပြီးနောက် ကာလဝမ်းရောဂါ၊ ဝက်သက်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကဲ့သို့သော ကူးစက်ရောဂါများ ပျံ့နှံ့ခဲ့ပြီး လူပေါင်း ရာနှင့်ချီသေဆုံးမှု ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ပဋိပက္ခဖြစ်ပွားခြင်းကြောင့် လူပေါင်း ၁၆၆၅၀ ထက်မနည်း သေဆုံးကာ အခြားလူပေါင်း သန်းနှင့်ချီ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ မြောက်ပိုင်း ပြည်နယ်တစ်ခု၌ မီးပန်းစက်ရုံပေါက်ကွဲပြီး လူငါးဦးထက်မနည်းသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်မြို့တွင် အင်္ဂါနေ့က မီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကလေးနှစ်ဦးအပါအဝင် လူငါးဦးထက်မနည်းသေဆုံးခဲ့ပြီး အခြား ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မီးပန်းစက်ရုံအဖြစ် အသုံးပြုနေသော အိမ်သည် ပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောကြားချက်အရ သိရသည်။ ဒဏ်ရာရရှိသူများကို ချက်ချင်းနီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ မီးလောင်ပေါက်ကွဲပြီးနောက် ရဲတပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် မီးလောင်မှုကို အမှုဖွင့်ခဲ့ပြီး ပေါက်ကွဲမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ**

# စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ၁၂ ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာရှိ တောင်သူများသည် တောင်ယာလုပ်ငန်းလုပ်ကိုင်ရန်အတွက် သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ အမျိုးသမီး ၁၂ ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ်
PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာအတွင်း၌ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများသည် တောင်ယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် ကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၁၃၀၀ ခန့်အကွာသို့ အရောက်၌ ပြည်ဖျက် PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့အား ထောက်ခံ အားပေးမှုမရှိသည့်အတွက် ရက်စက်ယုတ်မာစွာဖြင့် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ အမျိုးသမီး ၁၂ ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အဆိုပါအကြမ်းဖက်သမားများအား ထက်ကြပ်လိုက်လံချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့များ ဖြစ်သည့် NUG နှင့် CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၎င်းတို့အပေါ် အားပေးထောက်ခံမှု မရှိသည့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များအား အဆင်ခြင်မဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဧပြီလတွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါ ကြွယ်ပုံကျေးရွာအား Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အေးချမ်းစွာ နေထိုင်နေကြသော အပြစ်မဲ့ ပြည်သူ ကလေးငယ် ငါးဦး အပါအဝင် ရှစ်ဦး သေဆုံးပြီး ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အလားတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ခရုတုတ်ကျေးရွာမှ သံဃာတော်တစ်ပါးသည်ကူမဲမြို့သို့ သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆိုင်ကယ်တစ်စီး၊ ဖုန်းနှင့်ငွေများအား လုယက်ယူဆောင်သွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ဆရာတော် ဘဒ္ဒန္တကောဝိဒသည် ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်သူ အမျိုးသားတစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ ထို့အတူ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မှန်ကင်းကျေးရွာ၌ အမျိုးသမီး တစ်ဦးသည် နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ် သတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် သံဃာတော်အပါအဝင် ရိုးသားစွာလုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများအား ယခုကဲ့သို့ ပစ်ခတ် သတ်ဖြတ်ခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံ့ရှာစက်ဆုပ် မုန်းတီးလျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ပြည်သူလူထု တစ်ရပ်လုံးက လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်မှု (Counter–Terrorism Operation) ဆောင်ရွက်ရာတွင် အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် တိမ်းရှောင်သူ၏ မိခင်အား တာဝန်ရှိသူများက ဓားစာခံအဖြစ်ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လုပ်ကြံရေးသားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် လူငယ်တစ်ဦး ပြည်သူ့စစ်မှု ထမ်းဆောင်ရန် တိမ်းရှောင်သဖြင့် ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက် ၎င်းလူငယ်၏ လေဖြတ်နေသော မိခင်ဖြစ်သူကို တာဝန်ရှိသူများက ဓားစာခံအဖြစ် ဖမ်းဆီးထားသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်




မမှန် လုပ်ကြံရေးသားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ပခုက္ကူမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းရန် တိမ်းရှောင်သူ၏ မိခင်ကို ဓားစာခံအဖြစ် ဖမ်းဆီးသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာတွင် ဖော်ပြထားသည့် နေရပ်လိပ်စာတွင် ၎င်းအမည်ဖြင့် နေထိုင်သူ မရှိကြောင်း စုံစမ်းသိရှိရပြီး တာဝန်ရှိသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း စတင်ဆောင်ရွက်သည့် အချိန်မှစ၍ ယနေ့အထိ သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပုလောမြို့နယ်ရှိ သစ်လှတောကျေးရွာနှင့် ဖော့ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူများကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေး တပ်ဖွဲ့ဝင်များက သစ်လှတောကျေးရွာနှင့် ဖော့ကျေးရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူများကို ဖမ်းဆီးထားကြောင်း တရားမဝင် ပြည်ဖျက် မီဒီယာများက သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ပုလောမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၄ ရက်က သစ်လှတောကျေးရွာ အနီးသို့ ရောက်ရှိစဉ် ၎င်းကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင် ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက် သမားများမှ စက်တင်ဘာ ၁၆ ရက်တွင် ဖော့ကျေးရွာအတွင်းမှ ထပ်မံ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်း




ဖက်သမားများ အနောက်တောင်ဘက်သို့ ထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းမရှိဘဲ အကြမ်းဖက်သမားများက ကျေးရွာများအတွင်း အခမ့်ဝင်ရောက်ပြီး ဒေသခံပြည်သူများကို ဖမ်းဆီးထားသည့်အတွက် ပြည်သူများ ထွက်ပြေးတိမ်းရှောင် လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ONE Friday Fights 80 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးသစ်ဝင်းလှိုင်နှင့် ဥဇဘက်ကစ္စတန် ဖိုက်တာ ထိုးသတ်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

စက်တင်ဘာ ၂၀ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပမည့် ONE Friday Fights 80 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးသစ်ဝင်းလှိုင် တွဲဆိုင်းပါဝင်မည်ဖြစ်ပြီး ဥဇဘက်ကစ္စတန်ဖိုက်တာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ONE Friday Fights 80 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ပွဲ ပါဝင်မည်ဖြစ်ပြီး သွေးသစ်ဝင်းလှိုင် တွဲဆိုင်းကို ပွဲစဉ်(၅)အဖြစ် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ထိုင်းဖိုက်တာနှစ်ဦးဖြစ်သော ရတ်ခ်နှင့် ယိုနွန်ချိုင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ သွေးသစ်ဝင်းလှိုင်သည် ဥဇဘက်ကစ္စတန်ဖိုက်တာ ကာခါခိုရော့ဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ဖယ်သာဝိတ်တန်း မွေထိုင်းစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်မည်ဖြစ်သည်။ သွေးသစ်ဝင်းလှိုင်သည် ONE Championship နှင့် လက်တွဲအပြီး ဒုတိယမြောက်ပွဲစဉ် ထိုးသတ်ရခြင်းဖြစ်ပြီး ဇွန် ၇ရက်က ထိုးသတ်သည့် ပထမဆုံးပွဲတွင် ထိုင်းဖိုက်တာ ခွန်ဆက်ကို အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ သွေးသစ်ဝင်းလှိုင်သည် ယင်းပွဲတွင် ပုံမှန်လက်စွမ်းမပြသနိုင်ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။**ညီမြတ်သော်တာ**




ဓာတ်ပုံ– ONE Championship

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့ ဦးဆောင်၍ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ အမှတ် (၁၆ ) မူးယစ်တပ်ဖွဲ့စု၊ သတင်းရဲတပ်ဖွဲ့၊ ဝက်ဝံ X–ray မူးယစ်တပ်ဖွဲ့စု၊ အမှတ် (၉၄) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု နှင့် မိသားစုဝင်များစုပေါင်းပြီး စက်တင်ဘာ၁၆ ရက်က သမိုင်းဝင် မဟာရွှေမြင်တင်ဘုရား ပရိဝုဏ်



နှင့် ဘုရားဝင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲသူရဝဏ္ဏစိုးအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

သွေးသွေး(ပြန်/ဆက်)

# အထူးမိုးလေဝသသတင်း

## တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ပြီး စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ **တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသောအပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ၊ စက်တင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ပြီး စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိလာနိုင်** ပါသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပြီးနောက် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ပြန်လည်အစပျိုး အားကောင်းလာနိုင်ပါသည်။

အဆိုပါ ဖြတ်ကျော်လာနိုင်သည့် **လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်**ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ







## အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်




**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပေါ်ခဲ့သော အားကောင်းသောမုန်တိုင်းငယ် (Deep Depression) သည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိခဲ့ကာ ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက် - အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး နောက်ခြောက်နာရီအတွင်း မုန်တိုင်းငယ်(Depression)အဖြစ်သို့ အားလျော့သွားနိုင်ကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ ကုန်တွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ နံနက်မှနောက် ၂၄ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး မိုးသည်းထန်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## သံလွင်နှင့် စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ လေးပေကျော် (၁၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ လေးပေကျော် (၁၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော် (၅၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက် လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့် ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်း

**နေပြည်တော် စက်တင်ဘာ ၁၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိသည်။

မိုး/ဇလ

# လေးမျက်နှာ၊ သီတာကုန်းပြင်နှင့် မဒေါ်ပင်

မြင့်စိုး(နတလ)

ကျေးဇူးတင်ပါသည် မြစ်ချောင်းဖြိုးသည်တစ်ကြိမ် မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး ခရီးသွားရသည့် ရည်ရွယ်ချက်က များပြားသလို ဖြစ်ချင်သည့် ရင်တွင်းဆန္ဒတွေ အတောမသတ်နိုင်တာကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ သည်နှစ် နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့သည်။ မိမိတို့မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီးလည်း ပါဝင်နေသလို ငဝန်မြစ်ရေကြီးမှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ကျေးရွာအချို့မှာ လူနေအိမ်များအပြင် စပါးစိုက်ခင်းများပါ နစ်မြုပ်ခဲ့သည်။ မြစ်ရေမြင့်တက်မှု ရက်ရှည်ကြာလာသည်နှင့်အမျှ တောင်သူများ၏ စပါးစိုက်ခင်းများအတွက် စိတ်ပူပန်လာမိသည်။ ထိုထက်မက ပူပန်ရသည့် အကြောင်းခြင်းရာတစ်ခုလည်း ရှိနေပါသေးသည်။ လေးမျက်နှာမြို့မှာ သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး၏ ကမ်းထိန်းလုပ်ငန်းများ အဆင်ပြေမှ ပြေပါ့မလား၊ ခတ္တာကျေးရွာက မြတ်စိုးအောင်တို့ ပရဟိတ လူငယ်အဖွဲ့ နေ့စဉ်တင်နေသော ငဝန်မြစ်ရေအခြေအနေနှင့် ဘုရားပရိဝုဏ်အတွင်း ရေဝင်ရောက်နေမှုများကို ကြည့်ရင်း မမျှော်လင့်သောနေရာမှ ကမ်းပြိုမှုတွေ ထပ်ဖြစ်လာလေမလား စသည့် အတွေးများဖြင့် စိတ်မအေးနိုင်ခဲ့ပါ။

❖ **သီတာမောင်နှမသည် ယင်းကဲ့သို့ နေလာရာက အေဒီ ၁၆၃၇ ခုနှစ်၌ မောင်တော်နန္ဒာဘယ မင်းသားသည် ဘေးထိုးရင်ကျပ်နာ ပြင်းစွာဖြစ်၍ ကွယ်လွန်ခဲ့သည်။ မောင်ဖြစ်သူ ကွယ်လွန်ပြီး မကြာမီမှာပင် နှမတော်သုပဘာဒေဝီမင်းသမီးသည်လည်း ရင်ကွဲနာကျ၍ ကွယ်လွန်ပြန်လေ၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် ရွှေနန်းဦးစေတီကို ပြုပြင်မွမ်းမံပြီး မြသိန်းတန်စေတီအဖြစ် ဘွဲ့အမည်ပြောင်းလဲ ခေါ်ဝေါ်ချိန်မှာပင် သီတာမောင်နှမ နတ်ကွန်းစင် ပေါ်ပေါက်လာခဲ့ပါသည်။ ဘုရားပြုပြင်ချိန် အေဒီ ၁၈၇၁ ခုနှစ်တွင် ရေးထိုးခဲ့သော မြသိန်းတန်စေတီ ကျောက်စာ၌ အထက်ပါအကြောင်းအရာအချို့ကို ဖော်ပြထားကြောင်း ဖတ်ရှုလေ့လာခဲ့ရပါသည်။ မြသိန်းတန်ဘုရားပွဲကို နှစ်စဉ်တပေါင်းလ၌ ကုန်းပွဲ၊ တော်သလင်းလ၌ ရေပွဲများ ကျင်းပကာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြ**

သည်စေတီတော်မြတ်ကြီးကို သမိုင်းဝင်ဟု ကျွန်တော်ဝိဂြိုဟ်ပြုရခြင်းမှာ သက္ကရာဇ် ၄၂၀ ပြည့်နှစ်တွင် ပုဂံပြည့်ရှင်အနော်ရထာမင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့သောကြောင့်ပါတည်း။ မြို့အတွက်တစ်ခုတည်းသာ ကျန်ရစ်တော့သော၊ ဘာနှင့်မျှမလဲနိုင်သော၊ ဘာသာ သာသနာ ထွန်းလင်းတောက်ပခဲ့မှု၏ ပြယုဂ်သမိုင်းအမွေအနှစ်လည်းဖြစ်နေပါသည်။ ကျွန်တော် မကြာခဏရေးပြခဲ့ဖူးသလို မူလလေးမျက်နှာမြို့ဟောင်းသည် စတုမုခထူပါရုံ စေတီတော်မြတ်ကြီးတည်ရှိရာ ငဝန်မြစ်အနောက်ဘက်ကမ်းတွင် တောင်မြောက်အလျားလိုက်တန်း၍ ခုံကြီးရပ်ကွက်၊ မြို့မရပ်ကွက်၊ ခတ္တာရပ်ကွက်တို့ဖြင့် ဖွဲ့စည်းထားပြီး အစိုးရရုံးများ၊ ဆေးရုံ၊ ကျောင်း၊ တိုက်ဈေးကြီး၊ မြို့နယ်အားကစားကွင်း၊ ပန်းခြံ၊ ဗိုလ်အောင်ဖေ ရုပ်ရှင်ရုံတို့ဖြင့် သူ့နေရာနှင့်သူ နှစ်ပေါင်းများစွာ ဟန်ကျပန်ကျ တွေ့မြင်လာခဲ့ကြရသည်။ မြို့ကသေးသေးလေး ဆိုသော်ငြားလည်း အနီလေးမျက်နှာမြို့နယ်အတွင်းမှနေ၍ တိုင်းသိပြည်သိ ထင်ရှားကျော်ကြားခဲ့ကြသော သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်အကျော်အမော်များ များစွာ ပေါ်ထွန်းခဲ့ဖူးသည်။ ဘကြီးတော်မင်းနှင့် မိဖုရားခေါင်ကြီးတို့ ကိုးကွယ်တော်မူခဲ့သည့် ပထမထွဋ်ခေါင် ဆရာတော်ကြီး၊ ရွှေဟင်္သာဆရာတော်ကြီး၊ သခင်ပညာလောကအမည်ဖြင့် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ခဲ့သည့် ဆရာတော် ဦးပညာလောက၊ ဦးဇောတိပါလနှင့် အောင်ဆန်းဆရာတော်ကြီးတို့သည်လည်းကောင်း၊ ဝိဓူရသခင်ချစ်မောင်၊ စာပေဘက်တွင် ကျောက်စာဝန် ဦးမြနှင့် ကဗျာဆရာကြီး စောရန်နောင်တို့သည်လည်းကောင်း၊ အနုပညာလောကတွင် ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ မင်းသမီးကြီး အကယ်ဒမီ ဒေါ်ကြည်ကြည်ဌေးနှင့်တွဲ၍ အောက်ချင်းဖို၊ အောက်ချင်းမ ကဇာတ်ဖြင့် နာမည်ကျော်ကြားခဲ့သော မင်းသားကြီး အောင်ဝိဇ္ဇာဦးခင်မောင်၊ ရုပ်ရှင်ဘက်မှာ သရုပ်ဆောင် အကယ်ဒမီမေ့စ်၊ ဂီတဘက်မှာလည်း ဂီတစာဆိုအလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ဌေး၊ စန္ဒရားလူမော် တို့သည်လည်းကောင်း၊ ရှားရှားပါးပါး ဆပ်ကပ်အနုပညာရှင်အဖြစ် ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း၊ ဘောလုံးအားကစားလောက၌ အာရှနှင့်ကျွန်းဆွယ်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော ဦးလှဌေး၊ သည်ဘက်ခေတ် အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းတွင် ဂိုးသမားဖြစ်ခဲ့သူ မေခင်ယမင်းတို့သည်လည်းကောင်း လေးမျက်နှာဇာတိဖွားများဖြစ်ကြသည်။ အခြားသော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ ကျန်ကောင်းကျန်နိုင်ပါသေးသည်၊ စာရေးသူမှတ်မိသမျှကိုသာ အခွင့်ကြုံ၍ တင်ပြလိုက်ချင်းရယ်သာ။

မြစ်ချောင်းဖြိုးဟု အတိုကောက်ခေါ်နေသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘုရားပရိဝုဏ်အတွင်းတွင် နေထိုင်လျက် မပြတ်စောင့်ကြည့်၍ လိုအပ်သော ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးနေသောကြောင့် ကျေးဇူးအထူးတင်ရှိခဲ့ရသည်။ အဆိုပါဌာနမှ တာဝန်ရှိသူများသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ ညွှန်ကြားမှုကို ခံယူလျက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မြစ်ကြမ်းပြင်ကာကွယ်ထိန်းသိမ်းခြင်းအတွက် ကျောက်စီရေကာတာများ ဆောင်ရွက်ခြင်း၊ စေတီတော်ရင်ပြင်ချဲ့ခြင်း၊ Bored Pile အခြေပြုသံကူကွန်ကရစ်နံရံ ပြုလုပ်ခြင်း စသည့်လုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော်တို့က အဝေးမှ စိတ်ပူရုံမျှသာ၊ တကယ့်မြေပြင်မှာ ဖြစ်ပေါ်နေသော အခြေအနေများ ထူးလျှင်ထူးသလို အရင်ဆုံးရောက်သွားတတ်သူမှာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဖြစ်ပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းတို့၏ ခရီးစဉ်များအတွင်း လိုအပ်သည်များ စီမံဖြည့်ဆည်းဆောင်ရွက်ပေးမှုများအတွက်လည်း မြို့နယ်သူမြို့နယ်သားများကိုယ်စား ကျေးဇူးစကားဆိုပါရစေ။



လေးမျက်နှာမြို့နယ် ခုံကြီး-ခတ္တာလမ်းပေါ်ရှိ တံတားတည်ဆောက်မှုကို ကြည့်ရှုစဉ်။

### နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းကြိုးပမ်းပေး

ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်ထဲက လေးမျက်နှာမြို့နယ်သို့ သွားရောက်ရသည့် အခြားရည်ရွယ်ချက်တစ်ခုမှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖြစ်သည်။ မိမိတို့မြို့နယ်သည် အနောက်ရိုးမနှင့် အနီးဆုံးနေရာမှာ ရှိနေသည်။ ရခိုင်ပြည်နယ်နှင့် နယ်မြေချင်း ထိစပ်နေသည်။ ရခိုင်ပြည်နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသည့် ဂယက်က မိမိတို့ဒေသကိုပါ လာရောက်ရိုက်ခတ်နိုင်သည်။ ကျေးရွာတိုင်းမှာ တာဝန်ရှိနေသလို တာဝန်သိရန်လည်း လိုပါသည်။ ကျွန်တော်တို့ သုံးတန်း၊ လေးတန်းအရွယ်ကပင် အနောက်ရိုးမနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ဖြတ်(၄)ဖြတ် စစ်ဆင်ရေးဖြင့် ဗကပကို တိုက်ထုတ်ခဲ့တာ မြင်ဖူးကြုံဖူးခဲ့သည်။ ၁၉၇၂/ ၇၃ မှာ ဗကပအမြစ်ပြတ်ပြီး ဧရာဝတီတိုင်းတစ်ခုလုံး အဖြူရောင်နယ်မြေ ဖြစ်ခဲ့သည်။ သည်ကာလတုန်းက ဒေသတွင်း ဘယ်နေရာတွေမှာ တိုက်ပွဲတွေ အဖြစ်များသည်၊ ချင်းလယ်ကြောနှင့် လဲခုံကြီး၊ လဲခုံလေးရွာတွေ၏ အနောက်ဘက်က ဘယ်နေရာတွေမှာ ခိုအောင်းနိုင်သည်၊ ချုံတောင်လို နေရာမျိုးတွေမှာ ဂရုပြုရမည် စတာတွေကို ငယ်စဉ်ကပင် နားရည်ဝခဲ့သည်။ ယနေ့အချိန်မှာလည်း ကျေးရွာအုပ်ချုပ်ရေးမှူးများသည် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အဓိကတာဝန်ရှိနေသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရမည်။ လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ တစ်နယ်လုံးက အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားခဲ့သည်။ ရင်းရင်းနှီးနှီးဟု ပြောရခြင်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများထဲမှာ တစ်ဝက်ကျော်ကျော်လောက်က ကျွန်တော်နှင့် သူငယ်ချင်းဖြစ်ခဲ့သူများ၊ သိကျွမ်းခဲ့သူများ၊ မျက်မှန်းတန်းခဲ့သူများ ပါဝင်နေ၍ပါတည်း။

### ပန်းတောကြီးက သဘာဝမြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်း

ကျွန်တော့်မိတ်ဆွေ ဦးကျော်ဝင်းနိုင်၊ အမှန်ကသူ့အစ်မဖြစ်သူ ရီရီသန်းနှင့်မှ ကျွန်တော်က အတန်းတူမို့ ညီတော်မောင် ကိုကျော်ဝင်းနိုင်ဟု ခေါ်လျှင် ပို၍မှန်ပါလိမ့်မည်။ ၂၀၁၂ ခုနှစ် ကုန်ခါနီးမှာ သူနေပြည်တော်သို့ ရောက်ရှိလာစဉ် သဘာဝမြေသြဇာထုတ်လုပ်သည့်လုပ်ငန်း ဆောင်ရွက်ရန် တိုက်တွန်း၍ လေ့လာသင့်သည့် နေရာများကို ပို့ဆောင်ပေးခဲ့သည်။ ယခုတစ်ခေါက် ဧရာဝတီခရီးစဉ်မှာ သူက သိန်းငှက်အမှတ်တံဆိပ်ဖြင့် သဘာဝမြေသြဇာများ ထုတ်လုပ်ဖြန့်ချိနေပြီဖြစ်သည်။ ထုတ်လုပ်ခွင့်မှတ်ပုံတင်လည်း ရထားပြီးပြီ။ ပါဝင်ပစ္စည်းများကလည်း နွားချေး၊ ကြက်ချေး၊ စက်ဖွဲပြာ၊ ပဲဖတ်၊ မြေနီမှုန့်၊ ဖွဲနု၊ ဆန်နုတ်၊ ငါးအမိုင်နို၊ ဒိုက်ချေး(ထူချေး)၊ EM ဖျော်ရည် စသည်ဖြင့် အမယ်စုံလှသည်။ အဆိုပါ ကုန်ကြမ်း ပစ္စည်းများအတွက်လည်း အခက်အခဲမရှိ အနီးပတ်ဝန်းကျင်မှာပဲ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ ကျွန်တော်တို့ သွားရောက်ကြည့်ရှုချိန်မှာ အိတ်ရေ ၂၀၀၀၀ ခန့် ထုပ်ပိုးရန် အသင့်ရှိနေကြောင်း တွေ့ခဲ့ရ၏။ စမ်းသပ်အသုံးပြုနေကြသည့် ဒေသခံတောင်သူများကလည်း ကြိုက်နှစ်သက်ကြကြောင်း၊ ကောင်းမွန်ကြောင်း ထောက်ခံချက်တွေပေးကြသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း နွားချေးနံ့တသင်းသင်းကြားမှာ ကြီးပြင်းလာသူမို့ သဘာဝမြေသြဇာဆိုသည့် အသံကို ကြားသည်နှင့် မည်သည့်ဒေသ၊ မည်သည့်နေရာသို့မဆို အရောက်သွား၍ ဂုဏ်ပြုစကားဆိုခဲ့သည်သာ။ ရှမ်းပြည်နယ်(တောင်ပိုင်း)က ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်တွေမှာ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမှာ၊ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာမှာ၊ မန္တလေးတိုင်းဒေသကြီးထဲက ပျော်ဘွယ်မြို့နယ်မှာ သဘာဝမြေသြဇာထုတ်လုပ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

### သီတာချောင်းအနောက်က ဆင်ဖိုးထွန်း၏ အမျိုးတွေ

ငယ်စဉ်က မြန်မာစကားပြေစာအုပ်ထဲမှာ သင်ကြားခဲ့ရဖူးသော ဆင်ဖိုးထွန်း၊ ထိုစဉ်ကတော့ ဆင်ဖိုးထွန်းဆိုသည်မှာ မုဆိုးကျော်တစ်ဦးအဖြစ်လည်းကောင်း၊ ဆင်များ၏ အလေ့အထကို ကျွမ်းကျင်သူ၊ ရဲစွမ်းသတ္တိရှိသူ တစ်ဦးဟူ၍လည်းကောင်း နားလည်ခဲ့သည်။ သင်ယူလေ့လာခဲ့ရသည်။ လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၁၉၈၃ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သူ ဦးဌေးလွင်ဦး ရေးသားပြုစုထားသော သံသရာငြိမ်းအေးစတုမုခ ဇေယျာသိဒ္ဓိ စေတီတော်မြတ်ကြီး၏ သမိုင်းမှတ်တမ်းစာအုပ်ထဲမှာ ဆင်ဖိုးထွန်း အကြောင်း

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

တစ်ပိုင်းတစ်စပါလာသည်ကတော့ ဆင်ဖိုးထွန်းသည် ဝံသာနုမျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း၊ မော်ကွန်းဝင် (ပထမအဆင့်) ချီးမြှင့်ခြင်းခံရကြောင်း၊ သူ၏ဇာတိဖြစ်သော ဖက်စလက် ရွာသည် ယခင် လေးမျက်နှာမြို့နယ်အတွင်း ထည့်သွင်းဖွဲ့စည်းထားရာမှ ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအရ ရေကြည်မြို့နယ်ထဲသို့ ပါဝင်သွားကြောင်း လေ့လာသိရှိရသည်။

ပန်းတောကြီးမှ ပုသိမ်သို့အသွား ခရီးလမ်းမှာ မဖြစ်မနေဝင်ရမည့် ကျေးရွာတစ်ရွာ ရှိနေပါသည်။ ရေကြည်မြို့နယ်ထဲက ပန်းပုကွင်းကျေးရွာ ဖြစ်၏။ ဆရာတော် ဦးဝိလာသ၊ ဦးဇနိန္ဒနှင့် ရွာသူ ရွာသားများကရွာအနီးက သီတာချောင်းကူးတံတားတည်ဆောက်ပေးပါရန် ၂၀၂၃ ခုနှစ်ကတည်းက မေတ္တာရပ်ခံထားတာရှိနေသည်။ ချောင်းအနောက်ဘက်ရှိ ကျေးရွာအုပ်စု လေးခုအတွင်းမှာလည်း ကျေးရွာပေါင်း ၇၀ ကျော်ရှိနေကြောင်း သိရှိရသည်။ ထိုရွာတွေထဲမှာ ဆင်ဖိုးထွန်း၏ဇာတိ ဖက်စလက်ရွာလည်း ပါဝင်နေပါသည်။ သည်နေရာ၌ တံတားတစ်စင်း ပေါ်ပေါက်လာဖို့ သူတို့မျှော်လင့်ထားသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဟု ဆိုကြ၏။ အကယ်၍သာ တံတားတစ်စင်း ပေါ်ပေါက်လာပါက သူတို့အတွက် အိပ်မက်တံတား ဖြစ်နေပေလိမ့်မည်။ မြေနေရာ ရွေးချယ်ခြင်း၊ ကွင်းဆင်းတိုင်းတာခြင်းတွေ လုပ်ကတည်းက ဒေသတစ်ခုလုံး ဝမ်းသာပျော်ရွှင်နေကြသည်ဟု ဆရာတော်က အမိန့်ရှိလာသည်။ ကျွန်တော်တို့ သွားရောက်ကြည့်ရှုသည့်နေ့ကလည်း ချောင်းအနောက်ဘက်ကမ်းမှာ ရွာသူ ရွာသားများကို လှမ်းမြင်နေရသည်။ ဖက်စလက်ရွာသားများလည်း ပါဝင်နေကြပေမပေ့ါ။ သမ/ကျေးလက် ပြည်သူ့အတွက်မို့ ဆေးစက်ကျရာတိုင်းမှာ အရုပ်ထင်စေဖို့ အလိုလိုတာဝန် ရှိနေချေပြီတမုံ့။

**သီတာကုန်းပြင်ဆိုသည်မှာ**

သီတာကုန်းပြင်ဆိုသည့် အမည်ကတော့ ဧရာဝတီတိုင်းဒေသကြီးထဲမှာ ချောင်းသာ၊ ငွေဆောင်တို့ကဲ့သို့ပင် လူသိများထင်ရှားကျော်ကြားခဲ့သည်။ ရခိုင်ဘုရင်မင်းဗာကြီးလက်ထက် အေဒီ ၁၅၃၁–၁၅၃၃ ကာလများတွင် မြောက်ဦးဒေသသို့ ပေါ်တူဂီများ ရောက်ရှိနေပြီး မြောက်ဦးမြို့ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည်ဆို၏။ မြောက်ဦးမင်းဆက် မင်းရာဇာကြီး အေဒီ ၁၅၉၃–၁၆၁၂ လက်ထက်၌ စစ်ဘက်အရာရှိအဖြစ် ပေါ်တူဂီလူမျိုး ဇင်ကာသည် နေရာရရှိလာသည်။ ၁၅ ရာစုနှင့် ၁၆ ရာစုတို့တွင် ပေါ်တူဂီတို့ နယ်ချဲ့အားကောင်းလာချိန်မှာ ရခိုင်ဘုရင်များ၊ မြန်မာဘုရင်များ အုပ်စိုးရာနေရာများ၌ စည်းလုံးညီညွတ်မှု ပျက်ပြားပြီး သူတစ်လူ ငါတစ်မင်း ဖြစ်လာကြသည်။ ဘုရင့်နောင်မင်းတရားကြီး လွန်ပြီးနောက် သားတော် နန္ဒဘုရင်လက်ထက်တွင် အကွပ်အညှပ် အားနည်း၍ ဟံသာဝတီ ထိးနန်းယိမ်းယိုင်ခဲ့သည်။ ဟံသာဝတီ တိုက်ခိုက်ခံရပြီးနောက် ဇင်ကာသည် သန်လျင်မြို့စောင့်နယ်စား ခန့်ထားခြင်းခံရသည်။ ရခိုင်ဘက်တွင်လည်း သူတစ်လူ ငါတစ်မင်း ဖြစ်လာပြီးနောက် ရခိုင်အမတ်မင်းစောထွတ်က ၎င်း၏သမီး စောသန္တာ (စောသဒ္ဒါ)ကို ဇင်ကာနှင့် လက်ဆက်ထိမ်းမြားပေးခဲ့သည်။ ၎င်းတို့နှစ်ဦးမှ သားတော်နန္ဒာဘယနှင့် သမီးတော် သုပဘာဒေဝီတို့ ထွန်းကားလာခဲ့သည်။ ဇင်ကာသည် နတ်ရှင်နောင်နှင့်ပူးပေါင်းပြီး အေဒီ ၁၆၁၂ ၌ တောင်ငူကို တိုက်ခိုက်သိမ်းယူခဲ့သည်။ သည့်အတွက် အေဒီ ၁၆၁၃ ၌ အနောက်ဘက်လွန်မင်းတရားသည် သန်လျင်ကို ချီတက်တိုက်ခိုက်၍ ဇင်ကာနှင့် နတ်ရှင်နောင်တို့အား ကွပ်မျက်ခဲ့ပါသည်။ စောသန္တာနှင့် သားငယ်သမီးငယ်တို့သည် ခြွေရံသင်းပင်းများနှင့်အတူ သန်လျင်မှ လှေဖြင့် ဆန်တက်၍ ဟသ်ာတမြို့ဘက်သို့ ရောက်လာသည်။ ယင်းမှတစ်ဖန် ဝဝန်မြစ်အတွင်း ဝင်ရောက်ပြီး



ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာအနီး သီတာချောင်းကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုခဲ့ကြစဉ်။

သီတာကုန်းပြင်ဖြစ်လာမည့် ဒေသဘက်သို့ရောက်ရှိလာပါသည်။ စောသန္တာမင်းသမီး လမ်းတွင်ဖျားနာပြီး ကွယ်လွန်သွားသောအခါ ကျန်ရစ်သော ကလေးနှစ်ဦးကို ရခိုင်အမတ်သုဒိန်က ကောက်ယူမွေးစား၍ ကျိုက်ယသီ (ယခင်ကျိုက်ပွင့် ပဒေါ မြို့ဟောင်းနေရာ) မြို့ကို တည်ထောင်ပေးခဲ့သည်။ အနောက်ဘက်လွန်မင်း လာတိုက်သောအခါ မြန်အောင်မြို့ဘက်သို့ ခေတ္တတိမ်းရှောင်ကြရင်း ကွင်းကောက်ဒေသ၌ ဘုရားစေတီများ တည်ခဲ့ကြကြောင်း သိရသည်။ ထိုအချိန်ကတည်းက ယင်းတို့နှစ်ဦးကို သီတာမောင်နှမအဖြစ် ဒေသတစ်ခုလုံးက ချစ်ခင်စွာ ခေါ်ဝေါ်နေကြပြီဖြစ်သည်။ သီတာကုန်းပြင်ဒေသသို့ ပြန်လည်ရောက်ရှိကြပြီးနောက် ရွှေနန်းဦးစေတီ (မြသိန်းတန်စေတီ)၊ ရွှေဒါန်းဦး စေတီ၊ ရွှေကူနီဘုရားတို့ကို တည်ခဲ့ကြသည်။

သီတာမောင်နှမသည် ယင်းကဲ့သို့ နေလာရာက အေဒီ ၁၆၃၇ ခုနှစ်၌ မောင်တော်နန္ဒာဘယ မင်းသားသည် ဘေးထိုးရင်ကျပ်နာ ပြင်းစွာဖြစ်၍ ကွယ်လွန်ခဲ့သည်။ မောင်ဖြစ်သူ ကွယ်လွန်ပြီး မကြာမီမှာပင် နှမတော် သုပဘာဒေဝီမင်းသမီးသည်လည်း ရင်ကွဲနာကျ၍ ကွယ်လွန်ပြန်လေ၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် ရွှေနန်းဦးစေတီကို ပြုပြင်မွမ်းမံပြီး မြသိန်းတန်စေတီအဖြစ် ဘွဲ့အမည်ပြောင်းလဲခေါ်ဝေါ်ချိန်မှာပင် သီတာမောင်နှမ နတ်ကွန်းစင် ပေါ်ပေါက်လာခဲ့ပါသည်။ ဘုရားပြုပြင်ချိန် အေဒီ ၁၈၇၁ ခုနှစ်တွင် ရေးထိုးခဲ့သော မြသိန်းတန်စေတီ ကျောက်စာ၌ အထက်ပါအကြောင်းအရာအချို့ကို ဖော်ပြထားကြောင်း ဖတ်ရှုလေ့လာခဲ့ရပါသည်။ မြသိန်းတန်ဘုရားပွဲကို နှစ်စဉ်တပေါင်းလ၌ ကျင်းပ၍ ကုန်းပွဲတော်သလင်းလ၌ ရေပွဲများ ကျင်းပကာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြသည်။ ရှေးယခင်က ကုန်းပွဲတွင် ဇာတ်သဘင်ပွဲများ၊ ရိုးရာခြင်းလုံးခတ်၊ ဘော်လီဘောပွဲများ ကျင်းပပြီး ရေပွဲ၌မူ သီတာချောင်းထဲတွင် လောင်းလှေများ ယှဉ်ပြိုင်လှော်ခတ်ကြသည်ဟု သိရှိရပါသည်။

ယခင်ခရီးစဉ်များနှင့်အတူ သီတာကုန်းပြင်သို့ ကျွန်တော် နှစ်ကြိမ်နှစ်ခါ ရောက်ပြီးဖြစ်ပါသည်။ ဘုရားပွဲနှင့် မကြုံခဲ့၊ ယခုတစ်ခေါက်မှာတော့ မြသိန်းတန်စေတီတော်မြတ်ကြီး၏ (၁၅၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနေချိန်နှင့် တိုက်ဆိုင်စွာရောက်ခဲ့ရပါပြီ။ မြသိန်းတန်စေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ပြီးနောက် ဘုရားပွဲတော်အထိမ်းအမှတ် ကျင်းပနေသော ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ ဘောလုံးပွဲများ ပြီးသွားလျှင် သီတာချောင်းထဲမှာ လှေပြိုင်ပွဲများ ဆက်လက်ကျင်းပကြဦးမည်ဖြစ်သည်။

**အိမ်မဲ၊ ဝါးခယ်မနှင့်**
**မြောင်းမြမြို့နယ်ထဲက မဒေ့ါပင်**

ဩဂုတ်လ ၃၀ ရက်နေ့နံနက်ပိုင်း ပုသိမ်မှ အိမ်မဲမြို့နယ်သို့ သွားရောက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ထိုမှ ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာသို့ သွားရောက်ကာ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ ဝါးခယ်မမြို့နယ်အတွင်းက နေကြာစိုက် တောင်သူများ၊ သမဝါယမအသင်းသားများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။ ရွှေကြာဖြူ–၂ စိုက်ပျိုးရေး သမဝါယမအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော တောင်သူ ဦးဝင်းဗိုလ်က ယမန်နှစ် နေကြာ ၄ ဧက စိုက်ပျိုးခဲ့မှု အတွေ့အကြုံနှင့် ရုရှားရွက်ဖျန်း သဘာဝမြေသြဇာ အသုံးပြုခဲ့မှု၊ ပျားပုံးထားရှိခဲ့မှု၊ ဓာတ်မြေသြဇာသုံးစွဲခဲ့မှု စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဦးဝင်းဗိုလ်၏ စိုက်ခင်းမှ မနှစ်က နေကြာတစ်ဧကလျှင် အစို ၇၂ တင်း၊ အခြောက် ၆၅ တင်း ထွက်ရှိခဲ့သည်။ ဝါးခယ်မသည် အဓိက နေကြာစိုက်ပျိုးရေးဇုန်ထဲတွင် မပါဝင်သော်လည်း သမဝါယမစနစ်ဖြင့် ဧက ၁၄၀ စိုက်ပျိုးကြရေး ဖွဲ့စည်းဆောင်ရွက်ကာ ရုရှားရွက်ဖျန်းသဘာဝ မြေသြဇာများ ပေးအပ်ခဲ့ပါသည်။ ခရီးစဉ်အစအဆုံး အတူလိုက်ပါလာခဲ့သော ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်ကလည်း လိုအပ်သည်များ မှာကြားခဲ့သည်။ ဝါးခယ်မမြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် မြောင်းမြမြို့နယ်သို့ ကူးခဲ့ကြသည်။

မြောင်းမြမြို့နယ်ထဲက မဒေ့ါပင်ခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်ခဲ့ကြပြီး ယခု ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ ငါးနှစ် စီမံကိန်းဖြင့် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ ကျေးလက်စီးပွားမြင့်မားရေး (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀၊ ခေတ်မီစံပြကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၇၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ မဒေ့ါပင်ကျေးရွာသူ ကျေးရွာသားများ ကိုယ်စား အထက်တန်းကျောင်းခွဲမှ ဆရာမ ဒေါ်ချိုမာအေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ရွာကပြန်အထွက်၌ အထက်တန်းကျောင်းခွဲရှေ့က ကားဖြတ်မောင်းရသည်။ အမှတ်မထင် လှမ်း၍တွေ့လိုက်ရသည်မှာ ကျောင်းအဝင် မြောင်းကူးတံတားလေးက မကောင်းတော့ပြီ။ ကျောင်းသား ကျောင်းသူလေးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်ကူးသွားလာနိုင်ရေးအတွက် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေး ညှိနှိုင်းမှာကြားခဲ့ပါသည်။ မတောင်းဘဲ ရလိုက်သောသည်လုပ်ငန်းအတွက် မဒေ့ါပင်ကျေးရွာက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အားလုံး ဝမ်းမြောက်ဝမ်းသာ ရှိကြလိမ့်မည် ထင်ပါသည်။

**ဂုဏ်ပြုလိုက်ပါသည် သမီးမှုန်နံ့သာ**

ဩဂုတ်လ ၃၁ ရက်နေ့ မနက်ပိုင်းမှာတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိအောင် ပထမနှစ်စကတည်းက ကြိုးစားသင်ယူကြရေး၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးရေး တိုက်တွန်းမှာကြားကာ ထူးချွန်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေဖို့လည်း ကြိုးစားအားထုတ်ကြရန် ပြောဖြစ်ခဲ့သည်။ အားကစားအကြောင်းပြောရင်း ဘောလုံး၊ ဘော်လီဘောကစားရန် ဝါသနာပါသော ကျောင်းသား ကျောင်းသူများ ရှိ၊ မရှိ မေးမြန်းရင်းဖြင့် ဒုတိယနှစ်ကျောင်းသူ မမှုန်နံ့သာသည် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သော အရှေ့တောင်အာရှ (ဆီးဂိမ်း) ပြိုင်ပွဲတွင် ရိုးရာခြင်း ခြောက်ယောက်တွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ Event 4 ၌ ပထမရွှေတံဆိပ်ဆု၊ တစ်ဦးချင်းပြိုင်ပွဲ အခြေခံ အထိ ခြောက်ချက်ပြိုင်ပွဲ Event 3 ၌ ဒုတိယငွေတံဆိပ်ဆု၊ ခြောက်ယောက်တွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ Event 2 ၌ ဒုတိယငွေ တံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲ (ထိုင်းနိုင်ငံ) တွင်လည်း မြန်မာ့လက်ရွေးစင်အဖြစ် ပါဝင်ယှဉ်ပြိုင်ရဦးမည်ဖြစ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ သင်တန်းကျောင်းအနေဖြင့်လည်းကောင်း များစွာဂုဏ်ယူရပါကြောင်း ဖော်ပြအပ်ပါသည်။

**စပါးပြီးစပါး စိုက်ပျိုးနေသော ကံကုန်းကျေးရွာ**

ပုသိမ်ကအပြန်မှာ ကန်ကြီးထောင့်မြို့နယ် ကံကုန်းကျေးရွာသို့ ခဏဝင်၍ ထိုရွာရှိ လယ် ငါးဧကမှာ စပါးပြီးစပါး စိုက်ပျိုးနေသော ပညာရေးကောလိပ်မှ အငြိမ်းစားဆရာမကြီး ဒေါ်ခင်အုန်းမြင့်ကို တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တို့တွင် ကန်ကြီးထောင့်မြို့နယ်အတွင်း ကျေးရွာ ရှစ်ရွာတို့၌ စိုက်ဧကစုစုပေါင်း ဧက ၁၃၀ နွေစပါးအောင်ရေ ရရှိရေးအတွက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် တွင်းတိမ်တူး၍လည်းကောင်း၊ ချောင်းရေမှလည်းကောင်း ဆိုလာရေတင်စနစ် ဆောင်ရွက်ပေးခဲ့ပါသည်။

ကံကုန်းကျေးရွာမှ ဒေါ်ခင်အုန်းမြင့်၏ လယ် ငါးဧကအတွက် အနက်ပေ ၁၇၀ တွင်းတိမ်တူးပြီး သုံးလက်မ Pump၊ 2 Horse Power ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ မိုးကြိုရာသီတွင် ဆင်းသုခစပါးမျိုး စိုက်ပျိုး၍ တစ်ဧက တင်း ၆၀၊ မိုးရာသီတွင် ရက် ၉၀ စပါးမျိုး စိုက်ပျိုး၍ တစ်ဧက ၆၂ တင်း၊ နွေစပါးကို ဆင်းသုခစပါးမျိုးစိုက်ပျိုး၍ တစ်ဧက ၁၀၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ လယ် ငါးဧကတွင် တစ်နှစ်ပတ်လုံး စပါးပြီးစပါး စိုက်ပျိုးခဲ့ခြင်းအတွက် စုစုပေါင်းလယ် ၁၅ ဧကမှ ထွက်ရှိသော စပါးများရောင်းချပြီး အမြတ်ငွေမှာ သွင်းအားစုနှင့် စိုက်ပျိုးရိတ်သိမ်းစရိတ်များ နုတ်ပြီး အသားတင် ၁၁၅ သိန်း ရရှိခဲ့ကြောင်း သိရှိရသည်။

မိုးကြိုနှင့် မိုးစပါးအထွက်တိုးရန်အတွက် အထွက်တိုးစပါးမျိုးများ စိုက်ပျိုးရန် တိုက်တွန်းမှာကြားခဲ့ပြီး ယခုမိုးရာသီ ရက် ၉၀ စပါးမျိုး စိုက်ပျိုးရန်အတွက် မြေပြုပြင်ထားရှိမှု၊ ပျိုးထောင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပါသည်။

**ရိုးသားကြိုးစား ဧရာဝတီသားတို့ရေ…**

စပါးလည်း အထွက်တိုးစေဖို့၊ ဆီထွက်သီးနှံမှာလည်း နောက်ကျမကျန်ရစ်ခဲ့စေဖို့၊ အားကစားကအစ အခြားသောလုပ်ငန်းတွေမှာ အောင်မြင်မှုတွေ ရစေဖို့ ရိုးသားစွာကြိုးစားကြရင်း တိုင်းရေးတည်ငြိမ်အေးချမ်းဖို့အတွက်လည်း နိုးကြားသောအသိဖြင့် ရှိနေကြစေရန် တိုက်တွန်းလိုက်ရပါကြောင်း …။ ။

# မင်းဘူး(စကု)မြို့နယ်၌ ပညာဘဏ်စာကြည့်တိုက်နှင့် အရုဏ်ဦးစာကြည့်တိုက် အဆောက်အအုံအသစ် နှစ်လုံးဖွင့်လှစ်



မင်းဘူး စက်တင်ဘာ ၁၇

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများနှင့် ယနေ့ခေတ် ကျောင်းသားလူငယ်များ စာအုပ်စာပေများကို အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန်နှင့် စာပေဖတ်ရှုလေ့လာပြီး အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးသည့် စကုမြို့ အမှတ်(၁)ရှမ်းစုရပ်ကွက်ရှိ ပညာဘဏ်စာကြည့်တိုက်နှင့် ပင်လယ်သက်ကျေးရွာရှိ အရုဏ်ဦးစာကြည့်တိုက် အဆောက်အအုံအသစ် နှစ်လုံးကို စက်တင်ဘာ ၁၄ ရက်က ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။**

မကွေးတိုင်းဒေသကြီးအတွင်း၌ ယခင်က ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်ပေါင်း ၂၇၅ တိုက် ဖွင့်လှစ်ပေးထားပြီး ယခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုဘဏ္ဍာနှစ်အတွင်း ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်အသစ် ၂၁ တိုက်အပြင် အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားသော စာကြည့်တိုက်ငါးတိုက်ကို ထပ်မံဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးခဲ့သော စကုမြို့ ပညာဘဏ်စာကြည့်တိုက်နှင့် ပင်လယ်သက်ကျေးရွာရှိ အရုဏ်ဦးစာကြည့်တိုက်တို့မှာ တိုင်းဒေသကြီးအတွင်း၌ ပထမဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့သော စာကြည့်တိုက် အဆောက်အအုံအသစ်များဖြစ်သည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံအသစ် နှစ်တိုက်ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ၊ ပရိဘောဂများ ဖြည့်တင်းထားရှိမှုနှင့် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံများနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်များကို အကျိုးရှိရှိအသုံးချကာ စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျ ရှင်သန်လည်ပတ်ဆောင်ရွက်ရေး၊ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းပြီး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထိုသို့ဆောက်လုပ်ရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ တစ်တိုက်လျှင် လှူဒါန်းငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် မတည်လှူဒါန်းပြီး စကုမြို့ ပညာဘဏ်စာကြည့်တိုက်အတွက် ဒေသခံများက အဆောက်အအုံအတွက် ထည့်ဝင်ငွေ ကျပ်သိန်း ၅၀၊ အလှူရှင်တစ်ဦးက လျှပ်စစ်မီးတပ်ဆင်ခြင်းအတွက် အလှူငွေကျပ် ၁၂ သိန်း၊ စာကြည့်တိုက် ငွေပဒေသာပင်ကျပ်နှစ်သိန်းအပြင် ခြံစည်းရိုးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်မှုဖြင့် ငွေကျပ် ဖ၆ သိန်းကျော်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ပင်လယ်သက်ကျေးရွာ အရုဏ်ဦးစာကြည့်တိုက်အတွက် ကျေးရွာမှ အဆောက်အအုံအတွက် ထည့်ဝင်ငွေကျပ် ၂၅ သိန်း၊ အလှူရှင်တစ်ဦးက လျှပ်စစ်မီးတပ်ဆင်ခြင်းအတွက် ငွေကျပ် ၁၀ သိန်း၊ စာကြည့်တိုက် ငွေပဒေသာပင် ကျပ်သုံးသိန်းအပြင် ခြံစည်းရိုးအတွက် ဆောင်ရွက်ခြင်းလုပ်ငန်းများကို စေတနာရှင် အလှူရှင်များက အဘက်ဘက်မှ ဝိုင်းဝန်းစုပေါင်းလှူဒါန်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ရွှေနတ်တောင် ကြိုးပြင်ကာကွယ်တောနှင့် ဝမ်းတွင်းမြို့နယ် ရွှေဆံတော်ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့မြေလုံးကြဲဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၁၇**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) တို့၏ အစီအစဉ်ဖြင့် စက်တင်ဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွှေနတ်တောင် ကြိုးပြင်ကာကွယ်တော အပိုင်း(၁) ဧရိယာဧက ၃၃၀ နှင့် ဝမ်းတွင်းမြို့နယ် ရွှေဆံတော်ကြိုးပြင်ကာကွယ်တောဧရိယာ ၄၁၀ ဧကအတွင်း သစ်စေ့မြေလုံး(Seed Balls) ၂၀၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့်ကြဲ၍ စိုက်ပျိုးခြင်းဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ သစ်စေ့မြေလုံးပြုလုပ်ရန် သစ်မျိုးရွေးချယ်ရာတွင် အပင်ပေါက်ရောက်မှု ရာခိုင်နှုန်းကောင်းမွန်သည့် မန်ကျည်း၊ စစ်၊ မြန်မာကုက္ကို၊ သဘော်ကုက္ကို၊ မဲဇလီ၊ ဘောစကိုင်းသစ်မျိုး သစ်စေ့မြေလုံး ၁၀၀၀၀၀ ကို သာစည်မြို့နယ် ရွှေနတ်တောင် ကြိုးပြင်ကာကွယ်တော အပိုင်း(၁) အတွင်း၌လည်းကောင်း၊ မန်ကျည်း၊ ရှား၊ မြန်မာကုက္ကို၊ သဘော်ကုက္ကို၊ မဲဇလီ၊ ဘောစကိုင်း သစ်မျိုး သစ်စေ့မြေလုံး ၁၀၀၀၀၀ လုံးကို ဝမ်းတွင်းမြို့နယ် ရွှေဆံတော်ကြိုးပြင်ကာကွယ်တောအတွင်းကြဲ၍ စိုက်ပျိုးခဲ့သည်။

မိုးရွာသွန်းမှုနည်းပါးသည့် အပူပိုင်းဒေသရှိ သစ်တောသစ်ပင်ကျဲပါးသည့် တောင်တန်း၊ တောင်ကုန်းများ၌ မိုးရွာသွန်းပြီးစ မြေအစိုဓာတ်ရရှိသည့်အချိန်တွင် သစ်စေ့မြေလုံးများကြဲ၍ စိုက်ပျိုးခြင်းဖြင့် ရေ၊ မြေထိန်းသိမ်းနိုင်ပြီး မြေဆီလွှာတိုးတက်ကောင်းမွန်စေသည့် ဒေသမျိုးရင်းသစ်မျိုးနှင့် အကြီးမြန်သစ်မျိုးများကို အပူပိုင်းဒေသ၏ သစ်တောဖုံးလွှမ်းမှုနှင့် ဂေဟစနစ် တိုးတက်လာစေရန် အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ဆောင်ရွက်နိုင်ခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် သစ်စေ့မြေလုံးကြဲ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် မိုးရာသီ၌ ရွှေနတ်တောင် ကြိုးပြင်ကာကွယ်တောနှင့် ရွှေဆံတော် ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်မှု အခြေအနေများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက်ပေါက်ရောက်ရှင်သန်နိုင်မှု အခြေအနေစာရင်း ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာအမျိုးသားလေကြောင်းမှ ရေဘေးသင့်ပြည်သူများထံသို့ ကူညီထောက်ပံ့လှူဒါန်းထားသော ကယ်ဆယ်ရေးပစ္စည်းများ အခမဲ့သယ်ဆောင်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာအမျိုးသားလေကြောင်းမှ ရေဘေးသင့်ပြည်သူများထံသို့ ကူညီထောက်ပံ့လှူဒါန်းထားသော ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးစသည့် ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပလေယာဉ်ခရီးစဉ်များဖြင့် အခမဲ့ သယ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကယ်ဆယ်ရေးပစ္စည်းများကို မြန်မာအမျိုးသားလေကြောင်းဖြင့် စက်တင်ဘာ ၁၅ ရက်တွင် စင်ကာပူ – ရန်ကုန် ခရီးစဉ် UB–002 ဖြင့် အဝတ်အထည်များနှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ပစ္စည်းအလေးချိန် 479 kg ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ပစ္စည်း အလေးချိန် 197 kg တို့ကို သယ်ဆောင်ပေးခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံရှိ ရေဘေးသင့်ဒေသများအတွက် AHA Centre မှ ပေးပို့လာသည့် ကယ်ဆယ်ရေးပစ္စည်းများအား ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၇ ရက် နံနက်က မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ၏ Humanitarian Cargo Flight, Boeing 737–800F (9M–WCA) ဘန်ကောက် – ရန်ကုန် (UB–2020) ခရီးစဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်း အလေးချိန် 5560 kg တို့ကို သယ်ဆောင်ပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများလက်ဝယ်သို့ ကယ်ဆယ်ရေးပစ္စည်းများ အဆင်ပြေမြန်ဆန်စွာကူညီပို့ဆောင်ခြင်းနှင့် ပတ်သက်၍လည်း မြန်မာအမျိုးသားလေကြောင်းမှ ဆက်လက်ကူညီသယ်ဆောင် အားဖြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**





နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန် – ပြည်လမ်းဘေးရှိ ကျိုက္ကလေ့ဘုရား ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်အတွင်း မင်္ဂလာဒုံ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကိုကို ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**ကျေးရွာသစ်တော ထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့**

## နေပြည်တော်ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့်ထောက်ပံ့ပစ္စည်းများ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက် ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ နန္ဒာအောင်မြေ ဖောင်ဒေးရှင်း ဦးဆောင်နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနိမလ ဦးဆောင်၍ သမ္မတဖောင်ဒေးရှင်းနှင့် အလှူရှင် များက မြန်မာနိုင်ငံအလယ်ပိုင်းရှိ ရေဘေးသင့်ဒေသများ ဖြစ်သော တောင်ငူမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်း မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များရှိ ရေဘေးသင့်ပြည်သူ များသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းခြင်းကို ယမန်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း သမ္မတ သဃ်န်းတိုက်၌ ပြုလုပ်သည်။ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် သမ္မတဖောင်ဒေး ရှင်း၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ အလှူရှင် များက အမျိုးသား၊ အမျိုးသမီး အဝတ်အထည်မျိုးစုံ၊ စောင် နှင့် ဆန်အိတ်များ၊ နန္ဒာအောင်မြေဖောင်ဒေးရှင်း ဦးဆောင် နာယကဆရာတော်၊ ကြာနီကန်ကျောင်း ဆရာတော်၊ အာသောက ဓမ္မရိပ်သာကျောင်းဆရာတော်၊ ချင်းတွင်း ကျောင်းဆရာတော်တို့က သံဃာ့အသုံးဆောင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း သိန်းတစ်ထောင်ခန့်ရှိ အလှူပစ္စည်းများကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေအောင်ကို ပေးအပ်သည်။

အဆိုပါ အလှူပစ္စည်းများကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေအောင်က သွားရောက်လှူဒါန်းသွားမည်ဖြစ် ကြောင်း သိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူ များအတွက် နန္ဒာအောင်မြေဖောင်ဒေးရှင်း ဦးဆောင်နာယက ဆရာတော်နှင့် အလှူရှင်များက လှူဒါန်းမှုပစ္စည်းများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**




## ရေဘေးသင့်ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်း မြို့နယ်အတွင်း စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ မိုးအဆက် မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ရေဘေးသင့်ခဲ့သည့် ဝန်ထမ်းများနေထိုင်ရာ တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်၊ မြို့လယ်ကျောင်း ရေဘေး ကယ်ဆယ်ရေးစခန်း၊ မြို့ဦးကျောင်း ရေဘေးကယ်ဆယ်ရေး စခန်း၊ နောင်သန်ါကျေးရွာနှင့် ကင်းသာလမ်းခွဲတို့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး ချုပ် (စီမံ) ဦးဝင်းသူနှင့် တာဝန်ရှိသူများ သွားရောက်၍ ရေဘေးသင့် ဝန်ထမ်း များအား တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အထက (၁) ၌ စက်တင်ဘာ ၁၇ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ ကျင်းပရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းဇော် အမှာစကားပြောကြားစဉ်။ ဟိန်းထက်လင်း(ပြန်/ဆက်)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်း ခံစားချက် စကားသံများအား သဇင်FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“NUG၊ CRPH ရဲ့ တော်လှန်ရေး အလှူငွေ အရိုးအရင်းကောက် ဗန်းပြထောက်ပံ့ငွေနဲ့ ဘဝစတေးခံနေရတဲ့ PDF လူငယ်များ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကိုယ်တိုင်လည်း အဖြစ်မရှိ၊ ကူညီသူသာ ဝေဖန်ပြစ်တင်လျက် ပြည်ဖျက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာများအသင်းအတွက် အသင်း၏ ဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)က အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးသန်းလင်း(လင်းကိုကို) နှင့် အမှုဆောင်များက လက်ခံရယူစဉ်။ အေးသန်း(စိန်တုံးကြီး)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


| ၁၇ - ၉ - ၂၀၂၄ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ညီညီ - စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| FMI | ၈၈၀၀ | ၈၉၀၀ | ၈၅ | ၇၄၈၁၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၅၃၆ | ၁၈၄၂၃၀၀ |
| MCB | ၈၉၀၀ | ၈၉၀၀ | ၆၆ | ၅၈၇၄၀၀ |
| FPB | ၁၈၅၀ | ၁၈၀၀ | ၆၁၁ | ၁၁၀၀၃၅၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၅၈ | ၁၆၀၂၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၅၅၄ | ၉၅၀၉၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၅ | ၂၂၅၀၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၃၀၀ | ၁၀၃၅၀၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၂၈ | ၁၀၂၂၀၀၀ |

# ရေကြီးမှုနောက်ဆက်တွဲရောဂါများ ကျန်းမာရေးသတိဖြင့် ရှောင်ရှား

သီဟစည်သူ

**အခုလတ်တလော မြန်မာနိုင်ငံတစ်ဝန်း နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အတော်များများမှာ မိုးသည်းထန်စွာ ရွာသွန်းမှုနဲ့အတူ ရေကြီးရေလျှံမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ နေပြည်တော်အပါအဝင် အချို့နေရာမှာတော့ ရေတွေပြန်ကျသွားပြီးတဲ့နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် လုပ်ဆောင်နေတာ တွေ့ရပါတယ်။**

### ရေကြီးမှုရဲ့ နောက်ဆက်တွဲ ရောဂါဘယတွေ

ရေကြီးမှုတွေဖြစ်ပွားပြီး ရေပြန်ကျသွားချိန်မှာ အထူးသတိပြုရမှာကတော့ ရေကြီးမှုရဲ့ နောက်ဆက်တွဲ ရောဂါဘယတွေပဲ ဖြစ်ပါတယ်။ ရေကြီးချိန်မှာ နေအိမ်တွေအတွင်း ရေဝင်တာ၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတွေ၊ မြေနိမ့်ပိုင်းနေရာတွေမှာ ရေဝင်တဲ့အတွက် တင်ကျန်နေတဲ့ ခြင်၊ ယင်၊ ပိုးမွှား အင်းဆက်တွေကြောင့် ရေကြီးပြီးတဲ့နောက်မှာ ခြင်ကတစ်ဆင့် ကူးစက်တတ်တဲ့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါတွေ အဖြစ်များလေ့ရှိတတ်ပါတယ်။ ဒါ့အပြင် အင်း၊ အိုင်တွေ၊ ရေတွင်း ရေကန်တွေအတွင်း မသန့်ရှင်းတဲ့ရေတွေဝင်တာကြောင့် အဲဒီလို မသန့်ရှင်းတဲ့ရေတွေကို သုံးစွဲမှုရဲ့ နောက်ဆက်တွဲအနေနဲ့ အူယောင်ငန်းဖျား၊ တိုက်ဖွိုက်၊ အသည်းရောင်အသားဝါ၊ အရေပြားရောဂါနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ဖြစ်တတ်ကြောင်း ကျန်းမာရေးဆိုင်ရာ အသိပညာရှင်တွေက သတိပေးထားပါတယ်။ ဒါတွေကတော့ ရုပ်ပိုင်းဆိုင်ရာ (Physical) အားဖြင့် ဖြစ်ပွားတတ်တဲ့ ရောဂါဘယတွေဖြစ်ပြီးတော့ ရေဘေးအတွင်းမှာ ဆွေမျိုးမိတ်ဆွေတွေ၊ မိသားစုဝင်တွေ၊ မိမိပိုင်ဆိုင်တဲ့ နေအိမ်အဆောက်အအုံနဲ့ ဥစ္စာပစ္စည်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ ဆုံးရှုံးတာကြောင့် ဖြစ်ပေါ်တတ်တဲ့ စိုးရိမ်စိတ်များခြင်းနဲ့ စိတ်ဓာတ်ကျခြင်းဆိုတဲ့ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာတွေ (Mental Health Problems)ကိုလည်း နာတာရှည် ခံစားရတတ်တယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

### အလျင်အမြန် ဖြေရှင်းသင့်တဲ့ ပြဿနာတစ်ခု

အထူးအားဖြင့်တော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်က ရေဘေးသင့်ကျေးရွာတွေရဲ့ နေရာတော်တော်များများနဲ့ မြစ်နားကမ်းနားတွေမှာ ရေတွေပြန်ကျသွားပြီးတဲ့နောက် အမှိုက်သရိုက်တွေနဲ့အတူ ကျွဲ၊ နွား တိရစ္ဆာန် အသေတွေ၊ အိမ်မွေး တိရစ္ဆာန် အသေကောင်တွေ တင်ကျန်ရစ်ခဲ့တာကို မြင်တွေ့ရပါတယ်။ ဒီလိုမျိုး တိရစ္ဆာန်အသေတွေကို အချိန်မီရှင်းလင်းသုတ်သင်တာ၊ မြေမြှုပ်တာတွေ မလုပ်ဆောင်နိုင်ဘူးဆိုရင် ဒီလို တိရစ္ဆာန်အသေတွေကနေ ပုပ်ပွလာပြီးတဲ့နောက် ပိုးမွှားအင်းဆက်တွေ၊ ကြွက်တွေ၊ ယင်ကောင်တွေရောက်လာပြီး ရောဂါကို အလွယ်တကူ သယ်ဆောင်ပြန့်ပွားစေနိုင်တာကြောင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာမှာ



အလျင်အမြန် ဖြေရှင်းသင့်တဲ့ ပြဿနာတစ်ခုဖြစ်ပါတယ်။ ဒီလိုမဟုတ်ရင် ဆိုးရွားတဲ့ အနံ့အသက်တွေနဲ့ ပိုးမွှားအင်းဆက်တွေကြောင့် လူတွေဆီကို ရောဂါကူးစက်တာတွေ ဖြစ်ပေါ်လာနိုင်တာကြောင့် ရေကြီးပြီးနောက် ဆိုးရွားတဲ့ ကျန်းမာရေးဆိုင်ရာ အကျိုးဆက်တွေ ဆက်လက်ဖြစ်ပေါ်လာနိုင်ပါတယ်။

ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ပြီးတဲ့နောက် ဖြစ်ပေါ်တတ်တဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေထဲကနေ ကျန်းမာရေးဝန်ကြီးဌာနကနေ အဖြစ်များတတ်တဲ့ ရောဂါအချို့အကြောင်းကို ဖော်ပြရရင်–

### ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)

ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါဟာ ဝမ်းရောဂါဖြစ်ပွားစေတဲ့ ကာလဝမ်းရောဂါပိုး (Vibrio cholerae) ကဲ့သို့သော ရောဂါပိုးများပါရှိတဲ့ မသန့်ရှင်းတဲ့ရေနဲ့ အစားအစာတွေ စားသောက်မိခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေနိုင်ပါတယ်။ ကာလဝမ်းရောဂါပိုးဟာ ရောဂါဖြစ်သူထံကနေ စွန့်ပစ်လိုက်သော မစင်၊ အန်ဖတ်တွေမှာ ပါဝင်ပါတယ်။ ဝမ်းလျှောရောဂါ ပြင်းထန်တဲ့အခါ ခန္ဓာကိုယ်အတွင်းကနေ ရေနဲ့ဓာတ်ဆားတွေ လျင်မြန်စွာ ကုန်ခန်းသွားတာကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေပါတယ်။ ရောဂါပြင်းထန်ပြီး အချိန်မီဆေးကုသမှုခံယူခြင်းမရှိရင် အသက်ဆုံးရှုံးနိုင်ပါတယ်။ မသန့်ရှင်းတဲ့ရေကို သောက်သုံးမိတာ၊ ယင်နားစာတွေနဲ့ မသန့်ရှင်းသော အစားအစာတွေ စားသုံးမိတာ၊ အိမ်သာတက်ပြီး လက်ကို စနစ်တကျမဆေးတာ၊ အစာမစားမီ လက်ကို စင်ကြယ်စွာ မဆေးတာ၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းတာ၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု အားနည်းတာနဲ့ အိမ်ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးတာ၊ သန့်ရှင်းမှုမရှိတာတွေကြောင့် ဖြစ်ပွားတတ်ပါတယ်။

### သွေးလွန်တုပ်ကွေးရောဂါ

သွေးလွန်တုပ်ကွေးရောဂါဟာ ခြင်ကျား အကိုက်ခံရခြင်းကတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်ပါတယ်။ ခြင်ကျားများဟာ ရေကြည် ရေသန့်မှာ အဓိကပေါက်ပွားကြပြီး အများအားဖြင့် နေ့အခါမှာ လူများကို ကိုက်လေ့ရှိပါတယ်။ သွေးလွန်တုပ်ကွေးရောဂါမှာ ဒင်ဂီးအဖျားရောဂါ (Dengue Fever)၊ သွေးလွန်တုပ်ကွေးရောဂါ (Dengue Haemorrhagic Fever)နဲ့ သွေးလန့်ခြင်း (Dengue Shock Syndrome) ဆိုပြီး အဆင့်ဆင့် ဖြစ်ပွားတတ်တဲ့ ရောဂါဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဟာ ၁၅ နှစ်အောက် အသက်အရွယ်တွေမှာ အများဆုံးဖြစ်ပွားတတ်ပေမယ့် အခုအခါမှာ အသက်အရွယ်မရွေး ဖြစ်ပွားလျက်ရှိပါတယ်။ တစ်နှစ်ပတ်လုံး ကူးစက်နိုင်ပြီး မိုးရာသီမှာ အဖြစ်အများဆုံး ဖြစ်ပွားလေ့ရှိပါတယ်။

### ငှက်ဖျားရောဂါ

ငှက်ဖျားရောဂါဟာ ငှက်ဖျားပိုးသယ်ဆောင်တဲ့ အနော်ဖိလိခြင် (Anopheles) ကိုက်ခြင်းကတစ်ဆင့် ကူးစက်ပြီး ငှက်ဖျားကပ်ပါးပိုး ပလက်စ်မိုဒီယမ်ကြောင့် ဖြစ်ပွားတတ်တဲ့ အဖျားရောဂါတစ်မျိုး ဖြစ်ပါတယ်။ လူမှာဖြစ်တဲ့ ပလတ်စ်မိုဒီယမ် ကပ်ပါးပိုးလေးမျိုးရှိပြီး ဒီထဲကမှ ဖယ်လ်ဆီပါရမ်ပိုးဟာ ပြင်းထန်ငှက်ဖျားရောဂါအဆင့်သို့ ရောက်ရှိဖြစ်ပွားနိုင်ပြီး အသက်အန္တရာယ်ရှိနိုင်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထားပါတယ်။ ငှက်ဖျားပိုးသယ်ဆောင်တဲ့ခြင်တွေဟာ အဓိကအားဖြင့် ညအခါ ကိုက်လေ့ရှိသော်လည်း ဘယ်အချိန်၊ ဘယ်နေရာမဆို ခြင်ထောင်နဲ့ အိပ်ခြင်း၊ (အထူးသဖြင့် ဆေးစိမ်ခြင်ထောင်နဲ့အိပ်ခြင်း) ခြင်ကိုက်ခံရခြင်းကနေ ကင်းဝေးဖို့ အဝတ်အစား လုံလုံခြုံခြုံဝတ်တာ၊ အကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ခြင်း၊ အဝတ်အစား အကာအကွယ်မရှိတဲ့ ခြေ၊ လက်တွေကို ခြင်မကိုက်စေတဲ့ ဆေးလိမ်းတာ၊ အိမ်အနီး ခြင်ခိုအောင်းနိုင်တဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းတာ၊ ရပ်ကွက်ကျေးရွာအနီးမှာရှိတဲ့ စိမ့်၊ စမ်း၊ ချောင်းများကို ခြင်မပေါက်ပွားစေဖို့ ရေစီးရေလာကောင်းအောင် လူထုအားနဲ့ ဆောင်ရွက်တာ၊ ပိုးလောက်လန်းစား ငါးတွေကို ရေတွင်းရေကန်တွေမှာ ထည့်ခြင်းတို့ဖြင့် ငှက်ဖျားရောဂါ ကူးစက်မှုကို ကာကွယ်နိုင်ကြောင်း ကျန်းမာရေးဌာနက အသိပေးထားပါတယ်။

### လက်ပ်တိုစပိုင်ရိုးစစ်ရောဂါ

လက်ပ်တိုစပိုင်ရိုးစစ်ရောဂါဟာ ဗက်တီးရီးယားရောဂါပိုးကြောင့်ဖြစ်ပွားပြီး တိရစ္ဆာန်တွေကနေ တစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါဖြစ်ပါတယ်။ ကပ်ရောဂါအသွင်ဖြစ်ပွားရင် လူအများအပြား အသက်ဆုံးရှုံးနိုင်ပါတယ်။ လက်ပ်တိုစပိုင်ရိုးစစ်

*စာမျက်နှာ ၂၁ သို့*




> **"သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးတဲ့နောက် ဘေးအန္တရာယ်တွေ၊ ကူးစက်ရောဂါအန္တရာယ်တွေ ထိခိုက်ခံစားရမှု မရှိစေဖို့အတွက် ရာသီဥတုနှင့် လျော်ညီပြီး ကျန်းမာရေးနဲ့ ညီညွတ်အောင် ဝတ်စားဆင်ယင်ပါ။ ရေမျောစာတွေ၊ အမှည့်လွန်အစာတွေ၊ ယင်နားစာတွေ မစားပါနဲ့။ အစားအစာတွေ ယင်မနားစေအောင် ဖုံးအုပ်ထားပါ။ ရေသန့်ဆေးထုတ် ကလိုရင်းဆေးခတ်ထားသောရေ (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) သောက်သုံးပါ၊ ယုံကြည်စိတ်ချရသော ရေသန့်ကိုသာ သောက်သုံးပါ။ ယင်လုံအိမ်သာကို စနစ်တကျ သုံးစွဲပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်"**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ် (၉၁၄)၊ အခန်း (ဒုတိယထပ်) (၃လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေ × ၅၄ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ဝင်း (၁၂/လမတ (နိုင်) ၀၂၀၈၆၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစဉ်ကွက်သစ်ရပ်ကွက်၊ ဗညားဒလလမ်းမကြီး၊ တိုက်အမှတ်(၄၁၆)၊ အဆောက်အအုံ၏(ဝဲဘက်ခြမ်း)မြေအောက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ လက်ဝယ်ထားရှိ အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ မြေရှင်(ကွယ်လွန်)၏သားနှင့်သမီးများဖြစ်ကြသော ဦးသန်းအောင် ၁၂/တမန(နိုင်)၀၈၃၀၉၃၊ ဒေါ်တင်တင်အောင် ၁၂/တမန(နိုင်)၀၈၃၁၈၄ တို့ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဇေယျာထွန်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၆၁၁၀)
အမှတ်(၉၇)၊ ပထမထပ်(B2)၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၉၆၉ ၁၀၀ ၀၈၅

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/3986 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

## မိဘအမည်မှန်နှင့်အမည်မှန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်းနေ ယာခင်းရှင် ကိုယ်ပိုင်အထက်တန်းကျောင်း G-6 မှ မသော်တာသွန်းလှဲ့၏ အမည်မှန်မှာ မသော်တာသွန်းလှဲ့ဖြိုးဖြစ်ပြီး မိဘအမည်မှန်မှာ ဦးမျိုးရန်ပိုင်ထွန်းသူ ၁၂/ဒဂမ(နိုင်) ၀၂၁၅၅၂ နှင့် ဒေါ်စိမ်းလဲ့စိုး ၁၂/ဥကတ(နိုင်) ၁၈၃၄၀၈ ဖြစ်ပါကြောင်း။

ဦးမျိုးရန်ပိုင်ထွန်းသူ-ဒေါ်စိမ်းလဲ့စိုး

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8719 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(သာယာဝတီ)

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အထက- မင်းတန်းကျောင်း Grade-12 မှ မသဇင်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဘိုဟန် ၁၀/ပမန(နိုင်)၁၂၆၁၀၉၆ ဖြစ်ပါကြောင်း။

ဦးဘိုဟန်

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တလုတ်ကုန်းကျေးရွာအုပ်စု၊ တလုတ်ကုန်းရွာနေ ဦးအောင်ရှိန် ၏သမီး ကျွန်မ မခိုင်မာထွေး ၈/တတက(နိုင်)၂၃၄၇၉၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် MF 553 949 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၅၆ ၉၉၀ ၆၂၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်ထွေး ပိုင်ဆိုင်သော အောင်မြင့်မြတ် (၅) ရေယာဉ် ရညန/ရော ၁၇၇၂၏ လုပ်ငန်းလိုင်စင် အပိုင်း (၁)+(၂) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၂၄၉၆၇၈

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အထက(ရှားပေါင်) Grade-12တွင် ပညာသင်ကြားနေသော မအိဖြူနှင်း ၊ Grade-12မှ မအိဖြူဇင် နှင့် Grade-6(B)မှ မအိပိုဇင် တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလွင် ၇/ပတတ(နိုင်)၀၉၇၂၆၃ ဖြစ်ပါကြောင်း။

ဦးဇော်မင်းလွင်
၇/ပတတ(နိုင်) ၀၉၇၂၆၃

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ကောင်းမြတ်သော ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မောင်ပြည့်သုတမောင်၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးမောင် ၁၂/ဥကတ(နိုင်)၁၆၀၃၇၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက(၁) မအူပင် Grade-12(E)မှ မပိုးအိအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဦး ၁၄/မအပ(နိုင်)၁၇၉၉၂၀ ဖြစ်ပါကြောင်း။

## အမည်မှန်

ဖြူးမြို့၊ အထက (၃)၊ G-12 မှ မရီသာမုနိ၏ အမည်မှန်မှာ မရီသာကူမာရီဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၀-၆-၂၀၀၄)၊ (ဘ)ဦးဘီဂျဲကူးမား၏ အမည်မှန်မှာ ဦးရာဒေမိုဟန် (၇/ကတခ(ပြု)၀၀၂၈၇၁)ဖြစ်ပါကြောင်း။

ဦးရာဒေမိုဟန်

## ဖခင်အမည်မှန်

အထက(၁) မအူပင် Grade-12(D)မှ မောင်ဝေထက်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၁၄/မအပ(နိုင်)၂၃၈၇၅၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/4788, Honda Dream-125,M/C အား စစ်တွေမြို့၊ ကသဲရပ်ကွက်နေ မင်းသီဟဖြိုး ၁၁/စတန(နိုင်)၀၉၃၂၀၁ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

## ဖခင်အမည်မှန်

အထက(၁) မအူပင် Grade-12(A)မှ နန်းဂျူးဂျူး၏ ဖခင်အမည် မှန်မှာ ဦးညီညီတင် ၁၄/ပတန(နိုင်)၁၄၅၆၉၃ ဖြစ်ပါကြောင်း။

## အလိမ္မာ စာမှာရှိ



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး ဦးဆောင်၍ ပျဉ်းမနား ပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀) သွေးလှူဘဏ်၌ စက်တင်ဘာ ၁၇ ရက်က နေပြည်တော်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြစဉ်။ မျိုးသီဟ(ပြန်/ဆက်)

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ပေါင်မြို့နယ် ဝါရီရူခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားစဉ်။

မွန်မလေး(ပြန်/ဆက်)



စာမျက်နှာ ၂၀ မှ

ရောဂါလက္ခဏာတွေဟာ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ တိုက်ဖွိုက်ရောဂါ လက္ခဏာတွေနဲ့ ရောထွေးမှားယွင်းတတ်တာကြောင့် ဓာတ်ခွဲစစ်ဆေးအတည်ပြုဖို့ လိုအပ်ပါတယ်။ ရောဂါပိုးကူးစက်ခံထားရတဲ့ အိမ်မွေးတိရစ္ဆာန်တွေအပါအဝင် အခြားတိရစ္ဆာန်တွေ (ကြွက်၊ နွား၊ ဝက်၊ ခွေး၊ မြင်း၊ ကျွဲ၊ သိုး၊ ဆိတ် စသည်တို့ရဲ့ ကျင်ငယ်ရည်ကို ထိတွေ့ကိုင်တွယ်မိခြင်းကတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားနိုင်ပါတယ်။ အထူးသဖြင့် လယ်ယာလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနဲ့ ရေလုပ်ငန်းလုပ်ကိုင်သူတွေမှာ အဖြစ်များပါတယ်။ မိုးရာသီနှင့် ကောက်ရိတ်သိမ်းချိန်ကာလတွေမှာ ရောဂါဖြစ်ပွားမှု ပိုမိုများပြားတယ်လို့ ဆိုပါတယ်။

### ထောင့်သန်းရောဂါ (Anthrax)

ထောင့်သန်းရောဂါဟာ ဗက်တီးရီးယားရောဂါပိုးကြောင့် ဖြစ်ပွားစေပြီး တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်ပြီး ကပ်အသွင်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါတစ်မျိုးဖြစ်ပါတယ်။ ရောဂါဖြစ်ပွားတဲ့ တိရစ္ဆာန်တွေဖြစ်တဲ့ (နွား၊ မြင်း၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက်) မှတစ်ဆင့် အရေပြား၊ အသက်ရှူလမ်းကြောင်း၊ အူလမ်းကြောင်းများအတွင်းကို ကူးစက်နိုင်ပါတယ်။ ထောင့်သန်းရောဂါပိုး၏ Spore တွေရှိတဲ့ မြေကြီးနှင့်ပစ္စည်းများမှတစ်ဆင့် ရောဂါပိုးတွေက နှစ်ပေါင်းများစွာ ကူးစက်စေနိုင်ပါတယ်။

ရောဂါသွင်ပြင်လက္ခဏာဖြစ်ပွားမှု သုံးမျိုးရှိပြီး အရေပြားထောင့်သန်းရောဂါသည် အဖြစ်ပိုများတယ်လို့ ကျန်းမာရေးဌာနက ထုတ်ပြန်ထားပါတယ်။ အရေပြားမှာဖြစ်တဲ့ ထောင့်သန်းရောဂါတွေရဲ့ ၉၅ ရာခိုင်နှုန်းဟာ ပထမဦးစွာ အရေပြားယားယံပြီး အရည်ကြည်ဖုကလေးများ ပေါ်တာ၊ အဖုပတ်လည်မှာ ရောင်ရမ်းနီရဲလာပြီး ပြည်အနည်းငယ်တည်လာတာ၊ တစ်ပတ်ခန့်အကြာမှာ အနာဖေး အမည်းရောင်တက်လာပြီ ပုပ်သွားသောအနာ ဖြစ်ပွားတတ်ပါတယ်။ အနာတွေကို အခြားရောဂါပိုးတွေ ဝင်လာနိုင်ပြီး သွေးဆိပ်တက်ခြင်းဖြစ်နိုင်ကြောင်း သိရပါတယ်။

အဆုတ်မှာဖြစ်တဲ့ ထောင့်သန်းရောဂါဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ဝင်ရောက်တဲ့အခါ ရင်ဘတ်အောင့်တာ၊ လေပြွန်ရောင်တာ၊ အဆုတ်ရောင်တာတွေ ဖြစ်တတ်ပါတယ်။ အူလမ်းကြောင်းမှာဖြစ်တဲ့ ထောင့်သန်းရောဂါမှာတော့ ရောဂါပိုးကူးစက်ထားတဲ့ အသားတွေကို စားသုံးတာကြောင့် ဗိုက်အောင့်တာ၊ အန်တာ၊ သွေးဝမ်းသွားတာတွေ ဖြစ်ပွားတတ်ပါတယ်။ ရောဂါကူးစက်ခံထားရတဲ့ တိရစ္ဆာန်တွေကို စားသုံးခြင်းမပြုဘဲ မြေမြှုပ်ခြင်း၊ တိရစ္ဆာန်သားရေကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ တိရစ္ဆာန်တွေနဲ့ အသားစိမ်းများကို ထိတွေ့ကိုင်တွယ်သူတွေအနေနဲ့ နှာခေါင်းစည်း၊ လက်အိတ်တွေ ဝတ်ဆင်ခြင်းဖြင့် ထောင့်သန်းရောဂါကို ကြိုတင်ကာကွယ်နိုင်ပါတယ်။

### ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်

ဒါကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးတဲ့နောက် ဘေးအန္တရာယ်တွေ၊ ကူးစက်ရောဂါအန္တရာယ်တွေ ထိခိုက်ခံစားရမှုမရှိစေဖို့အတွက် ရာသီဥတုနှင့်လျော်ညီပြီး ကျန်းမာရေးနဲ့ ညီညွတ်အောင် ဝတ်စားဆင်ယင်ပါ။ ရေမျောစာတွေ၊ အမှည့်လွန်အစာတွေ၊ ယင်နားစာတွေ မစားပါနဲ့။ အစားအစာတွေ ယင်မနားစေအောင် ဖုံးအုပ်ထားပါ။ ရေသန့်ဆေးထုတ် ကလိုရင်းဆေးခတ်ထားသောရေ (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) သောက်သုံးပါ၊ ယုံကြည်စိတ်ချရသော ရေသန့်ကိုသာ သောက်သုံးပါ။ ယင်လုံအိမ်သာကို စနစ်တကျသုံးစွဲပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။ အစာမစားမီ၊ အစားအစာချက်ပြုတ်ပြင်ဆင်ခြင်းမပြုမီ၊ အညစ်အကြေးကိုင်တွယ်ပြီးတိုင်း အိမ်သာသွားပြီးတိုင်း လက်ကိုဆပ်ပြာနဲ့ စင်ကြယ်စွာ ဆေးကြောပါ။ အမှိုက်တွေကို မြေမြှုပ်တာ၊ မီးရှို့တာ၊ အမှိုက်ပုံကို ထုံးဖြူးတာတွေ လုပ်ဆောင်ပြီး စနစ်တကျစွန့်ပစ်ပါ။ ခြင်ကိုက်မခံရအောင် ဂရုပြုနေထိုင်ပါ။ ဘယ်အချိန်တွင်မဆို ခြင်ထောင်နဲ့ အိပ်စက်ပါ။ ပိုးလောက်လမ်း၊ ခြင်နှိမ်နင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပါ။ မြွေဆိုးအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်နဲ့ ထိခိုက်ဒဏ်ရာရရှိမှုအန္တရာယ်တွေကို ဂရုပြုပါ။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် အဆုတ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးအန္တရာယ်၊ ထိခိုက်ဒဏ်ရာရရှိမှု စတဲ့ကျန်းမာရေးဆိုင်ရာ ပြဿနာတွေဖြစ်ပေါ်ရင် နီးစပ်ရာဆေးရုံ/ ကျန်းမာရေးဌာနနဲ့ ကျန်းမာရေးဝန်ထမ်းထံတွင် အချိန်မီသွားရောက်ပြသပြီး ဆေးကုသမှု ခံယူတာတွေကို ဆောင်ရွက်သင့်ပါတယ်။

**အာရောဂျံပရမံ လာဘံ- ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး**လို့ ဆိုပါတယ်။ ရေကြီးမှုတွေဖြစ်ပေါ်တာကြောင့် ဆုံးရှုံးနစ်နာမှုတွေ၊ စိတ်မကောင်းဖြစ်စရာတွေကို တော်တော်များများ ကြုံတွေ့ခဲ့ပါတယ်။ ဒါပေမယ့် စိတ်ဓာတ်မကျပါနဲ့ အားလုံးဆုံးရှုံးသွားတာတော့ မဟုတ်သေးပါဘူး အသက်ရှင်နေပါသေးတယ်။ ကျန်းမာနေရင် ဆုံးရှုံးသွားတဲ့ ဥစ္စာပစ္စည်းတွေကို ပြန်ရှာဖွေနိုင်ပါသေးတယ်။ ဒါကြောင့် ရေဘေးကနေ ဘေးမသီရန်မခလွတ်မြောက်လာပေမယ့် ရေဘေးကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ ရောဂါဘယတွေ မကူးစက်အောင် ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် အထူးဂရုပြုနေထိုင်သွားကြဖို့ တိုက်တွန်းလိုက်ပါတယ်။ ။

**ကိုးကား -**

(၁) လူတိုင်း အိမ်တိုင်းဆောင်ထား ကျန်းမာရေး အသိပညာများ၊ ကျန်းမာရေးဝန်ကြီးဌာန။
(၂) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO Myanmar) ထုတ်ပြန်ချက်များ။

## အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (၉)အထက်တန်းကျောင်း Grade-4 မှ (ဘ)ဦးမောင်မောင်ညွန့် ၁၃/လလန(နိုင်)၀၁၅၁၆၃၏သမီး ဖြစ်သူ မချောသဥ္ဇာမောင်အား မချောစုဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချောစုဟေသာ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက(၁)မှ မဆုမြတ်နိုင်(GRADE-12)၏ ဖခင်အမည်မှန်မှာ ဦးစန်းနိုင်ဦး ၅/ဟမလ(နိုင်)၁၂၄၀၂၈ ဖြစ်ပါကြောင်း။

## ဦးဖြိုးဝေအောင် (၇/ပတတ(နိုင်)၁၀၁၂၉၉) နှင့် ဒေါ်ခိုင်စုရည် (၇/ပခတ(နိုင်)၀၄၆၈၀၃)တို့ သိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၁၅၇/၁)၊ အကျယ်အဝန်း(၀.၀၄၀)ဧကရှိ ဦးဖြိုးဝေအောင်နှင့် ဒေါ်ခိုင်စုရည်တို့အမည်ပေါက် ပိုင်ဆိုင်သော နှစ်(၆၀) ဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်များဖြင့်(၇-၂-၂၀၂၄)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဦးမင်းမောင်မောင်နှင့် ဒေါ်မြင့်မြင့်ဝင်းတို့မှ မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူလက်ရောက်ရရှိနေသော မြေနှင့် အိမ်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်အား တရားဝင် အထမြောက်စေရန် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်လိုအပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေများထံသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မင်းထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၂၂)၊**
**အမှတ်(၅၆၀)၊ ဂန္ဓာမာလမ်း၊ (၁၂)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၀၁၈၃၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်း(၄)၊ မြေကွက် အမှတ်(၄၉၈)၊ ဧရိယာ(၀ဒသမ၀၆၂)ဧကရှိ မြေနေရာအား ဦးခင်မောင်ဝင်း အမည်ဖြင့် ခရိုင်မြို့ မြေအမှုတွဲအမှတ်(၂၁/၅/၁၉၉၆-၁၉၉၇)ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါကြောင်း အဆိုပါမြေငှားဂရန်မှာ ရေစိုပျက်စီးသွားပါသဖြင့် မိတ္တူကူးယူခွင့် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာ သည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပဲခူးခရိုင် ထွေအုပ်နှင့် ပဲခူးမြို့နယ်ထွေအုပ်တို့တွင် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကိုမင်းထက်ပိုင်**
**၇/ပခန(နိုင်)၃၀၂၁၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၅၅) ရှိ မြေကွက်အမှတ် (ပ-၃၂၃၉၆)ကို အမည်ပေါက် ဒေါ်နှင်းမြ(ဘ)ဦးကျော်သန်း ၉/ပမန(နိုင်)၀၀၆၁၅၂မှ ဒေါ်သူဇာလှိုင်(ဘ)ဦး အောင်လှိုင် ၈/ပခက(နိုင်)၁၇၂၂၂၉နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်တွင် တည်ရှိသော ဦးပိုင်အမှတ်(၇၉၇)၊ မြေကွက်အမှတ်(ည/၁၂၈)၊ ဧရိယာ(၄၀x၆၀)ပေရှိ မြေကွက်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သီတာ(ခ)ဒေါ်ခင်မာ ၅/ကဘလ(နိုင်)၀၈၄၃၆၈ မှ ကာလတန်ဖိုးနှင့်အညီ ရောင်းချရန် ကမ်းလှမ်းပြောဆိုခဲ့သည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပျော်ဘွယ်အရှေ့နေ (၃၁) လမ်း၊ (၈၆x၈၇)လမ်းတွင် နေထိုင်သော ဦးဇော်ဝင်း ၉/မနတ(နိုင်) ၀၀၆၇၃၇မှ (၄-၇-၂၀၂၄)ရက်က အသိသက်သေလူကြီးမင်းများရှေ့၌ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ အပြေအကြေပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိသူများအနေဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးဇော်ဝင်းထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်ဝသုန်အေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၄၂)**
**အုတ်ဖိုကျင်းရပ်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၄၀၂၅၄၆၃၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၂၂၄၇၅၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်အောင် ၉/လဝန(နိုင်) ၂၇၉၂၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/6964, TOYOTA COROLLA FIELDER NZE 12, STATION WAGON (4x2) ယာဉ် လက်ဝယ်ရှိသူ ဦးထက်အာကာဖြိုး ၁၂/လမန(နိုင်)၁၇၆၅၈၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၂

| | | |
|---|---|---|
| ဦးထူးအောင်လင်း | နှင့် | ဒေါ်ဖြူဖြူ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၉၄၉) နေ ဒေါ်ဖြူဖြူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက"ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ပေးစေလိုမှု" လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် ( ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ့်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၃)နေ လီရှောက်ရှုံး(ဘ) လီယွီးဟော် ၁၃/လရန(နိုင်) ၂၃၉၆၃၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၇၂၆၅၁၁၉**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်ညီမိုးအောင်၏ ဖခင် ဦးအောင်သန်းနှင့် ဦးမင်းအောင်သန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်သန်း(ခ)**
**ဦးမင်းအောင်သန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက ကွမ်းသဲ Grade-10 မှ မောင်ကျော်ကျော်စိုး၏ မိခင် ဒေါ်ဝင်းဆွေခိုင်နှင့် ဒေါ်ဝင်းစုခိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းဆွေခိုင်(ခ)ဒေါ်ဝင်းစုခိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက ကွမ်းသဲ Grade-5 မှ မောင်ကျော်ဖိုးပိုထွန်း၏မိခင် ဒေါ်ဝင်းဆွေခိုင်နှင့် ဒေါ်ဝင်းစုခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဝင်းဆွေခိုင်(ခ)ဒေါ်ဝင်းစုခိုင်**

## မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက်အမည် (ဈေးကွက်)၊ ဦးပိုင်အမှတ်(၁၀၈)၊ မြေချိန်ဧရိယာ (၀ဒသမ၀၄၉)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ရင်ရင်အေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုး သူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ပြည်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၈၇၊ ဦးပိုင်အမှတ် ၂-စ၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ဆင်တဲကျောင်းတိုက်အနီးရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မောင်ကျမ်း၊ မဖွားဇုံတို့ ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၄၆၂၃/၁၉၉၈)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်တင့်တင့်သိန်း၊ ဒေါ်ရီရီသိန်း၊ ဦးထွန်းသိန်း၊ ဦးညိုဝင်းအောင်(ခ)ညိုဝင်း၊ ဒေါ်ခင်မေအောင်၊ ဒေါ်ခင်ဆွေအောင်၊ ဦးထွန်းအောင်တို့ (၈) ဦးထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၆၈၄/၁၉၉၉)ဖြင့် ဝယ်ယူခဲ့သူ ဦးသိမ်းဟိန်း ၁၀/သဖရ(နိုင်)၀၆၆၁၀၇၏ အထူးကိုယ် စားလှယ်လွှဲစာအမှတ် (၇၉၄၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးသီဟထွန်း ၉/မဟမ(နိုင်)၀၀၉၉၇၂က ဦးပိုင်ခွဲမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အုန်းတောရပ်အုပ်စု၊ ကွင်းအမည်/အမှတ်_ ၁၀ အုန်းတောရပ်၊ ဦးပိုင်အမှတ် ၄၂က/၁၉၈၉၊ မြေကွက်အမှတ် ၅၃၊ မြေအမျိုးအစား/အတန်းအစား-B ဘိုးဘွားပိုင်၊ ဧရိယာဧက ၀.၀၅၈၊ ပိုင်ဆိုင်သူအမည် ဦးမြင့်ဆွေ အမည်ပေါက် မြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အား ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီနှင်းနှင့်သားသမီး(၃)ဦးတို့မှ အမွေဆက်ခံရန် ဆောင်ရွက်နေသောကာလအတွင်း အခြား မည်သူတစ်ဦးတစ်ယောက်မှ ၎င်းမြေနှင့် ပတ်သက်၍ မြေရာဇဝင်အမှန်နှင့် တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလဲခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ အမွေဆက်ခံခြင်း စသောကိစ္စရပ်များ ဆောင်ရွက်ခြင်း မရှိစေရန်နှင့် ဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရောဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၆၅၂)**
**ayar 007@ gmail.com**
**ဖုန်း-09-422220002**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁ နှင့် ၅)
## မြောင်းမြမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅

| | | |
|---|---|---|
| ဒေါ်သန်းသန်းမိုး | နှင့် | ဦးရဲလင်းထွန်း(ခ)တိုင်းကျော် |
| **(တရားလို)** | | **(တရားပြိုင်)** |

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ လမ်းသမိုင်ကျေးရွာနေ ဦးရဲလင်းထွန်း(ခ)တိုင်းကျော် (ဘ)ဦးတင်စိုး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းမိုးက လင်မယားကွာရှင်းပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်( ၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆုလဲ့ရည်အောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မြောင်းမြမြို့နယ်တရားရုံး**

## အမည်ပြောင်းခြင်း

ဦးသက်တင်-ဒေါ်အေးအေးလှိုင်တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ချောင်းသာမြို့နေ အလက-ချောင်းသာ (Grade-2) တွင် ပညာသင်ကြားနေသော မသိမ့်သက်ထားစံအား မသီရိရှင်းသန့်အောင်ဟု ပြောင်းလဲခေါ်ဝေါ်ပေးပါရန်။

**မသီရိရှင်းသန့်အောင်**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ရှမ်းတောင်၊ နမ့်စန်မြို့၊ အ.ထ.က(မြို့မ) GRADE-12မှ မောင်ဒါဝိတ်၏ အမည်မှန်မှာ မောင်ဒါဝိဒ် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာဦးအားခို ၁၃/နစန(နိုင်)၀၁၄၁၅၇ ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ လိပ်ပြာကန်(၂)လမ်း၊ ကွင်းအမည်-စာတိုက်ရပ်ကွင်း၊ အကွက်အမှတ်(၁၅-စီ)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင် မြေကွက်အမှတ်(၆၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၀၈ဧက အကျယ်အဝန်းရှိ ၁၉၅၅ခုနှစ် ပဲခူးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၄၂၂/ရောင်း/၁၉၅၅ အရ ဦးတိုး+ဒေါ်ပိန်တို့၏ အမည်ပေါက်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသွင်ဟန်(ဘ)ဦးတင်မောင်မြင့် ၈/တတက(နိုင်)၁၁၈၇၇၄နှင့် ဒေါ်မို့မို့ ကေခိုင်(ခ)ဒေါ်မို့မို့ပြည့် (ဘ) ဦးကြင်လှိုင် ၇/ပခန(နိုင်)၂၀၂၆၆၆ တို့မှ ပဲခူးမြို့ စာချုပ်စာတမ်းရုံး၏ ၁၅-၇-၂၀၂၄ ရက်စွဲပါ စာချုပ်အမှတ်-၃၀၆/I/၂၀၂၄အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါခြံမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်း ရောင်းချခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပုသိမ်ခရိုင်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃**

| | | |
|---|---|---|
| ၁။ ဦးကျော်ခိုင် ၂။ ဦးမျိုးခိုင်<br>၃။ ဦးစွန်စိန် ၄။ ဒေါ်မြသိန်း<br>၅။ ဦးကျော်မြင့် ၆။ ဦးနိုင်ဝင်းခိုင်<br>၇။ ဦးမင်းမင်းစိန်<br>(၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်ဦးမင်းထွေး) | **နှင့်** | ၁။ ဒေါ်ညွန့်ညွန့်လွင်<br>၂။ ဒေါ်အိအိပန်းအောင် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ အမှတ်(၁၀၇-D)၊ သီရိမင်္ဂလာလမ်းနေ အမှတ်(၁) တရားပြိုင် ဒေါ်ညွန့်ညွန့်လွင်၊ (၂) တရားပြိုင် ဒေါ်အိအိပန်းအောင် တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဦးကျော်ခိုင်၊ ဦးမျိုးခိုင်၊ ဦးစွန်စိန်၊ ဒေါ်မြသိန်း၊ ဦးကျော်မြင့်၊ ဦးနိုင်ဝင်းခိုင်၊ ဦးမင်းမင်းစိန် (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးမင်းထွေး ) က "ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာမြို့၊ အမှတ်(၃) ရပ်ကွက်၊အကွက်အမှတ်(၁၉၉၀)၊ ချောင်းသာ၊ဦးပိုင်အမှတ်(၈-၂)၊ ဧရိယာ ၀ ဒသမ ၂၇၅ ဧကရှိ ဂရန်မြေသည် တရားလိုများ လက်ရှိထားပိုင်ဆိုင်သောမြေဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှု "လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊နည်းဥပဒေ- ၂၀ )**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၁**

| | | |
|---|---|---|
| ဦးဇော်လွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နန်းမို့ခမ်း) | **နှင့်** | ၁။ ဒေါ်တင်တင်<br>၂။ ဦးကိုကို<br>၃။ ဒေါ်ကျော့ကျော့မင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ ဂရုဏာလမ်းမကြီးနှင့်မြဝတီမင်းကြီးလမ်းထောင့်၊ အမှတ်(၁၃၃၂)နေ (၂)တရားပြိုင် ဦးကိုကို (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၃၀၄)နေ (၃) တရားပြိုင် ဒေါ်ကျော့ကျော့မင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရ မည်။

သင့်တို့အပေါ်၌ တရားလိုက "မမှန်မကန်ရယူထားသည့် စီရင်ချက်နှင့် ဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု" နှင့် မြေကွက်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်တုံးရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစု(တောင်)၊ အကွက်အမှတ်(၂၆)ဟုခေါ်တွင်သော မြေကွက်သည် သန်လျင်မြို့နယ်မြေစာရင်း ဦးစီးဌာနမြို့မြေစာရင်းတွင် ဦးထွန်းလှိုင် (SRM-၀၁၁၈၇၃) အမည်ပေါက် ဂရန်အမျိုးအစားမြေကွက်ဖြစ်သည့် ပေ(၄၁x၈၀)အကျယ်အဝန်းရှိ တရားဝင်မခွဲစိတ်ရသေးသော မြေအနက်မှ ခြေရင်းခြမ်း ပေ(၂၁x၈၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီး အပါအဝင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်အေး၊ ဒေါ်သိန်းသိန်းအေး၊ ဦးမြင့်သက်နောင်၊ ဦးစစ်နိုင်၊ ဒေါ်ခင်အေးနိုင်၊ ဒေါ်ခင်အေးလှိုင်၊ ဦးထွန်းထွန်းနိုင်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချို့ချို့ခိုင်၁၃/ကတန (နိုင်) ၂၃၀၀၄၇နှင့်**
**ဒေါ်နန်းယဉ်ယဉ်မြင့်၁၃/တကန(နိုင်)၀၀၁၄၄၈တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြနှင်းယု (LL.B., D.B.L., D.M.L) အထက်တန်းရှေ့နေ (စဉ်-၃၃၄၈၀)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈) မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၇၆၇၁၉၆၂၉၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၅)၊ မြေဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိမြေအား ဦးကောင်းမြတ်လွင်-ဒေါ်ဆွေငြိမ်းအေးမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )**

**ဥတ္တရခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁နှင့် ဆက်နွှယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃**

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်းကိုယ်စား ဒေါ်သီတာဦး၊ လက်ထောက်အထွေထွေမန်နေဂျာ) | **နှင့်** | ၁။ ဦးအောင်စိုးဟိန်း<br>၂။ ဆန္ဒဘုန်းပြည့်ကုမ္ပဏီလီမိတက်<br>၃။ ဦးပြည့်လင်းအောင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

အခန်း(ဈ/၆)၊ ဒဂုံလမ်း၊ ချစ်တီးကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (၁) တရားရှုံးဖြစ်သော ဦးအောင်စိုးဟိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းလဲ့ဝေ)
**ဒုတိယခရိုင်တရားသူကြီး**
**ဥတ္တရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ မြေကွက် အမှတ်(၅၁၀)၊ မြေကွက်တည်နေရာ အမှတ်(၅၁၀)၊ ဦးဘဝင်းလမ်း၊ ၃၉/အေရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသက်ထင်ထွန်း၈/မကန(နိုင်) ၀၁၀၈၆၄ ဂရန်အမည်ပေါက် ဦးသက်တင်ထွန်းအား တရားပြိုင်ထားကာ ဒေါ်ဇာခြည်လှဝင်း က တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) တရားရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်း အပေါ်(၁/၁/၂၀၂၁)ရက်တွင် ချမှတ်သည့် တရားမကြီးမှုအမှတ်-၈၁/၂၀၂၀ နှင့် စီရင်ချက်၊ ဒီကရီ၊ တရားမဇာရီ မှုအမှတ်(၃/၂၀၂၃)၏ အမိန့်၊ တရားရုံးဘိလစ်ခန့်စာ၊ ဂရန်၊ နိုင်ကက်တို့တင်ပြ၍ ဘိလစ်ဒေါ်လဲ့လဲ့ခိုင်၁၃/တကန(နိုင်)၀၀၃၄၁၉မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

(ဘ) ဦးအောင်မိုး၏သား မောင်ထက်မြတ်အောင် ၁၂/လမန(နိုင်)၁၆၉၆၃၂ ဒဂုံတက္ကသိုလ် (အဝေးသင်) ဥပဒေ၏ အမည်မှန်မှာ မောင်ထက်မြက်အောင် ဖြစ်ပါကြောင်း။

**မောင်ထက်မြက်အောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/57353 Honda PCX 150 SS ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုတိုဆန်း ၁၄/ဟသတ(နိုင်)၂၃၀၁၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4OW/97152 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၁၄/ကပန(နိုင်)၀၅၀၂၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/2208 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး ၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမက(၃၃)ကျောင်းအုပ်ကြီး ဒေါ်ဇင်မာကြည်၁၄/ဘကလ (နိုင်)၁၅၆၂၇၅ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၃-၅-၁၉၈၁ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ ဗိုလ်သုန်လမ်း၊ မြေကွက်အမှတ် (၈၉၅)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ တရားဝင်မခွဲမစိတ်ရသေးသော ဦးအောင်ကျော် (၁၂/ဒဂမ (နိုင်) ၀၂၀၆၃၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ် (၈၉၆)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်ကျော် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက် ကွက်ကြီး၊ ဖွံ့ဖြိုးရေးလမ်းသွယ်၊ ရဲစုကြီးရပ်ကွက်၊ အမှတ်(၅၃၉)၊ ပေ(၁၆x၆၀) အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ် သော ဒေါ်လှမြင့် (MG/DN-၀၄၂၀၁၇)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ခင်ချိုမာ ၈/သရန(နိုင်)၀၆၂၂၆၃ ကလည်းအပြီးအပြတ်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅) | အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈) |

တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး ၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

# ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်

## လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ (၂၀၁)၊ နည်းဥပဒေ (၈၇)

## ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

| | |
|---|---|
| ကုမ္ပဏီအမည် | J&N VENTURES COMPANY LTD |
| ကုမ္ပဏီ၏ ကုန်သွယ်မှုအမည် | J&N VENTURES COMPANY LTD |
| ကုမ္ပဏီ မှတ်ပုံတင်အမှတ် | 132279896 |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | NO.84 (A2), SAYARSAN LANE BAHAN TOWNSHIP, YANGON REGION, MYANMAR 11201 |
| ကုမ္ပဏီ အီးမေးလ် | kms.khantminshin@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအမည် | U MYO HEIN (MAIP–00074) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ | NO (13), B–1, FIRST FLOOR, LAKEKEN STREET, (7) QUARTER, PAZUNDAUNG TOWNSHIP, YANGON. |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အီးမေးလ် | liquidator@mesc.pro |
| ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက် | 11–10–2024 |

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ "J&N VENTURES COMPANY LTD" အား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဦးမျိုးဟိန်း(MAIP 00074)အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေခွဲ ၈၇(က)အရ ထုတ်ဆင့်သည့် အကြောင်းကြားစာ မိတ္တူကို ၎င်းသိရှိသမျှသော ကုမ္ပဏီ၏ မြီရှင်တစ်ဦးချင်းစီထံပေးပို့ပြီးဖြစ်ပြီး ကျန်ရှိသော ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့ရက်မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ အီးမေးလ်သို့ "ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေ ထင်ရှားတင်ပြရန် ကြေညာအပ်ပါသည်။

နည်းဥပဒေခွဲ ၈၇(င)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံ အထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ–

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

ဦးမျိုးဟိန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (MAIP 00074)
J&N VENTURES COMPANY LTD (ဖျက်သိမ်းဆဲ)

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မဉ္ဇူလမ်း၊ မြေကွက်အမှတ်(၄၀၃)၊ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ဦးသိန်းအောင် အမည်ပေါက် ဂရန်မြေအမျိုးအစားအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်(ခြေရင်းခြမ်း)နှင့် အဆောက်အအုံ(၁)လုံးတို့အား စာချုပ်စာတမ်း အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဦးမောင်မောင်ဝင်း ၁၁/စတန(နိုင်)၀၄၀၉၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ကျော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်–၁၅၁၈၃)
အမှတ်(၄၅၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉– ၄၂၀၀၅၁၇၈၅

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇၁)နေ ဦးခင်ဇော် ၁၃/တကန(နိုင်)၀၁၂၄၇၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD–951144) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၈၉၄၇၆၂၀၀၃

## အများသိစေရန်ကြေညာချက်

၁။ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၄၀)တွင် (၇)ထပ်တိုက် (Roof Slab)(Lift ပါ) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဦးမင်းဆွေဦး၏ အထူးကိုယ်စားလှယ်လွှဲစာရှိသူ ဦးကျော်စည်သူမင်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးမင်းကျော်ဝင်း(LC-942)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးစိန်ရွှေ(RSE-2692)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၁၇–၇–၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၂၃၃၃/ ၂၃၂၂/ စည်ပင်–ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါအဆိုပါ (၇)ထပ်တိုက် (Roof Slab)(Lift ပါ)အဆောက်အဦအား ဆောက်လုပ်လိုခြင်းမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ အထက(တပ်နယ်)ကျောင်း Grade–12 တန်းမှ မချစ်စုဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဇော်ဇော်(ခ) ဦးမောင်ဇော် ၇/ရကန(နိုင်)၀၅၂၈၀၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဇော်ဇော်(ခ)ဦးမောင်ဇော်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/65529 Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၈/ပခက(နိုင်)၂၆၆၇၀၀က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်–၁၅၇၊ မြေကွက်အမှတ်–၂၁၈၊ ယသဝတီလမ်းဟု ခေါ်တွင်သော ဧရိယာ ပေ(၄၀ x ၆၀) အကျယ်အဝန်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တွင် ဦးစံသိန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နန်းညွန့်မေ ၁၃/တကန(နိုင်)၀၈၅၇၀၀ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်းထက်မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက် အောင် ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်ဇာလီအောင်
တရားလွှတ်တော်ရှေ့နေ (စဥ်–၁၄၃၅၂/၂၀၁၈)
တိုက်–၃၊ အခန်း–၂၀၅၊ စင်းကားအိမ်ရာ၊ (၃၆)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၄၂၀၃၈၉၃၉

# ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၃၁

၁။ ဦးအောင်ပိုင်မျိုး နှင့် ဒေါ်ခင်မြ
၂။ ဒေါ်ကြည်ကြည်ညွန့်
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်–(၉၈၆)နေ ဒေါ်ခင်မြ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း မြေကွက်အရောင်း အဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက(၁)ကျောင်းကုန်း၊ Grade–12မှ မအိန္ဒြေခင်၏ ဖခင် အမည်မှန်မှာ ဦးဇော်ဝင်းထွန်း ၁၄/ကကန(နိုင်)၁၀၀၁၇၆ ဖြစ်ပါကြောင်း။

ဦးဇော်ဝင်းထွန်း

## မိဘအမည်မှန်

ပန်းတနော်မြို့နယ်၊ အထကမရမ်းGrade–12 မှ နမ့်ဇင်ဇင်ထက်၏ မိဘအမည်မှန်မှာ စောလဲပွယ် ၁၄/ပကန(နိုင်)၀၆၈၁၉၄ နှင့် ဒေါ်မြနန်းရင် ၁၄/ပတန(နိုင်)၂၁၀၇၄၅ ဖြစ်ပါသည်။

# အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊အမှတ်(၂၀၉)၊အခန်း(၁၂)နေ (ဘ)ဦးရှာဖူဝါဒိန်၏သားဖြစ်သူ ဦးသန်းမြင့် ၁၂/လမန(နိုင်)၁၄၅၀၅၁၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းမြင့် ၁၂/လမန(နိုင်)၁၄၅၀၅၁နှင့် ဒေါ်စုနန္ဒာထွန်း ၁၂/သကတ(နိုင်)၁၄၅၅၄၉တို့သည် ၁၆–၉–၂၀၂၄ရက်တွင် စိတ်သဘောထားခြင်းမတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပြီး ဖြစ်ပါကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများအား ဒေါ်စုနန္ဒာထွန်း (၁)ပုံ၊ သားသမီး (၃)ဦး (၁)ပုံ၊ ဦးသန်းမြင့် (၁)ပုံ၊ (၃)ပုံ ပုံ၍ (၁)ပုံစီ ပစ္စည်းခန်းခွဲဝေပြီးစီးပါကြောင်း ဒေါ်စုနန္ဒာထွန်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်မေသူ (LL.B, D,B.L) | ဒေါ်ခိုင်ဝါဖူး (LL.B) |
| (Bussiness Law) စဥ်–၂၅၁၀၉ | စဥ်–၅၆၆၂၆ |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၃၀/အေ)၊ မြေညီထပ်၊ (၄)လမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉ –၄၂၀၀၁၄၂၀၃၊ ၀၉ –၆၇၈၁၇၁၈၃၅

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/5693 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## NQ. Family Construction Co.Ltd နှင့် အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်း ၁၂/ဥကတ(နိုင်)၁၆၇၉၀၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၂၀)လမ်း၊ အမှတ်(၅၆၄/ခ)၊ အကျယ်အဝန်း ပေ(၆၀ x ၂၀)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ဂရန် အမည်ပေါက်ကွယ်လွန်သည့်အတွက် ၎င်း၏ဇနီးဖြစ်သူထံမှ ၂–၆–၂၀၁၀ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေအားရောင်းချခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ငွေအပြေအကျေ ပေးချေဝယ်ယူထားပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံ ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာလျှင် လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်သည်။ ကျွန်ုပ်၏မိတ်ဆွေသည် NQ. Family Construction Co.Ltd နှင့်လည်း ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား ရုံးခန်းဖွင့်လှစ်ခြင်း၊ ငှားရမ်းခဲ့ခြင်းမရှိသလို ၎င်းကုမ္ပဏီနှင့်လည်း လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း၊ ၎င်းကုမ္ပဏီနှင့် ပတ်သက်၍ ဖြေရှင်းရန်လည်း တာဝန်မရှိပါကြောင်း အသိပေးကြေညာပြီးသည့်နောက် ကျွန်ုပ်၏မိတ်ဆွေက NQ. Family Construction Co.Ltd နှင့် ပတ်သက်နေကြောင်း မဟုတ်မမှန်ပြောဆိုခြင်းများ ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံကိစ္စအရပ်ရပ်တို့ကို မသက်ဆိုင်သူ မည်သူကမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန်နှင့် ပြုမူလာပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံကို ဝယ်ယူပြီးသည့်ရက်မှစ၍ ယနေ့အထိ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အာမခံအဖြစ်ထားရှိခြင်းများ မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သဇင်ငြိမ်း (LL.B) (စဥ်–၇၄၅၅) (၂၂–၃–၂၀၀၇) တရားလွှတ်တော်ရှေ့နေ
အမှတ်(၈၉၈)၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း–၀၉–၅၀၀၁၇၉၃၊ ၀၉–၆၉၃၆၂၇၇၈၉

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန် အထပ်သားသေတ္တာ (အဖုံးပါ) (၃၅၀၀)လုံးနှင့် အထပ်သားသေတ္တာအဖုံး (၂၅၀၀)ချပ်တို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်–

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | – | ၁၉–၉–၂၀၂၄ ရက်မှ ၁–၁၀–၂၀၂၄ ရက်အထိ(ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | – | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** | – | ၃–၁၀–၂၀၂၄ ရက်၊ မွန်းလွဲ(၁:၃၀)နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | – | ၃–၁၀–၂၀၂၄ ရက်၊ မွန်းလွဲ(၂:၀၀)နာရီ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | – | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၈၅၉၀ (ပစ္စည်း–၁ ဌာနစိတ်)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

# ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသျှာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(သီးသန့်–၃)၊ မြေဧရိယာ ၀ ဒသမ ၂၅၀ဧကရှိမြေအား ဦးအောင်ကျော် (WPG Asia Myanmar Co.,Ltd)မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့

# ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တပ်ဦးသီတာ ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၆၆/င/ကလေးမြို့အနောက်)၊ ဦးပိုင်အမှတ် (၄၅၄)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဝင်းမြေအား ဦးဟရန်ဘိမ် ၄/ဟခန(နိုင်)၀၀၅၇၆၂ က ၎င်းအမည်ပေါက် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများ စသည့်အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

ဦးဟရန်ဘိမ်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ စဥ်–၉၂၁၆/၂၀၁၃
အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။
ဖုန်း–၀၉–၉၆၂၁၅၁၁၂၅၊ ၀၉–၂၅၉၁၆၉၃၄၄

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်၁၀၊ လူနေရပ်ကွက် ၁၀ တောင်၊ သလ္လဝတီ (၅) လမ်း၊ မြေကွက်အမှတ် (၁၇၀၉–က) (အလျား၂၀ ပေ x အနံ ၆၀ ပေ)၊ နှစ် (၆၀) ဂရန်မြေကွက်၊ အမည်ပေါက် ဦးကျော်စိန် (A/RGN 010684) ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးခွေး ၁၂/သကတ (နိုင်) ၀၅၇၁၂၇ (ကွယ်လွန်) ၏ သားသမီးများဖြစ်ကြသည့် ဦးတင်သိန်းဝင်း ၁၂/သကတ(နိုင်)၀၇၄၆၉၈ ပါ–၇ ဦးမှ ၎င်းတို့သာလျှင် တရားဝင်ပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အပေါ် ယုံကြည်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့်မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဇင်မောင်လင်း(LL. B, D.IL, C.B.L) တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၁၈၃၂)
တိုက် (၁၀/၁၂)၊ အခန်း ၁၀၄(ဈ)၊ (ပ)ထပ်၊
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၂၅၂၂၉၂၀၁၀

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ သံသုမာလမ်းမ၊ အမှတ် (၁၅/ဂ)၊ အကျယ်အဝန်း (၁၆ပေx ပေ၅၀) ရှိ (၆) ထပ်တိုက်၏ ပဥ္စမထပ်/(၆)လွှာ၊ ညာဘက်အခန်း– အစွန်ဆုံးဟုခေါ်တွင်သည့် တိုက်ခန်း တစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်စပ်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နှင်းနန္ဒာကျော် ၁၂/ဥကတ(နိုင်)၁၇၆၅၈၀ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရန်နိုင်စိုး ၅/ကလထ(နိုင်)၁၈၉၃၈၁က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးကျော်သက်ဦး (LLB., DBL, DIR) | ဦးခွန်သန်းဆောင် |
| GCIP (DL–101/2014) Switzerland | LL.B., Master of International Law |
| တရားလွှတ်တော်ရှေ့နေ(စဥ်–၁၇၄၇၈) | အထက်တန်းရှေ့နေ (စဥ်–၄၅၄၆၆) |

အမှတ်(၃)၊ မြေညီထပ်၊ မင်းညွှန့်လမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၁၁၁၈၈၁၂၊ ၀၉–၇၈၄၁၁၁၉၉၂

## အစုရှယ်ယာရှင်နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ ပြောင်းလဲခန့်အပ်ခြင်းအား အများသိစေရန်ကြေညာခြင်း

BG Microfinance Myanmar Co.,Ltd ("BGMM") ၏ အစုရှယ်ယာရှင် Group Lease Holding Pt.Ltd ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများကို Group Lease Public Company Limited သို့ ၁၈-၁၂-၂၀၂၃ ရက်စွဲပါ BGMM ဒါရိုက်တာဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူခဲ့ပါသည်။ ထို့အပြင် ဒါရိုက်တာဘုတ်အဖွဲ့ဝင် အသစ်(၃)ဦးအား ပြောင်းလဲခန့်အပ်ခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယခု ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(1) Mr. Kaname Hashimoto
(2) Mr. Balasingam Ananthatheerthan
(3) Mr. Johann Mallet
(4) Mr. Frederic-Allexandre Solbani
(5) Mr. Muneo Tashiro

**Board of Directors of BG Microfinance Myanmar Co., Ltd**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တပ်ဦးသီတာ ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၆၆/င/ကလေးမြို့အနောက်)၊ ဦးပိုင်အမှတ် (၄၅၅)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဝင်းမြေအား ဦးဟရန်ဘိမ် ၄/ဟခန(နိုင်) ၀၀၅၇၆၂က ၎င်းအမည်ပေါက် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများ စသည့်အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟရန်ဘိမ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်မြေမာန် ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၅၁/မြို့လယ်ရပ်)၊ ဦးပိုင်အမှတ်(၂၈/၁၆၁)၊ ဧရိယာ ၀ ဒသမ ၀၃၀ ကေရှိ ဝင်းမြေအား ဒေါ်ခင်သန်းလှိုင် ၅/ကလထ(နိုင်) ၀၀၁၅၂၈ က ၎င်းအမည်ပေါက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ စသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ လူနေရပ်ကွက်(၁၂)၊ ရွှေဝါထွန်း(၇)လမ်း၊ အမှတ်-(၁၆/ခ) ဒေါ်အေးသန်း အမည်ပေါက် ပါမစ်မြေအကျယ်အဝန်း (၂၀ x ၆၀)ပေ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ၂ထပ်(RC)တိုက် အိမ်၊ ရေမော်တာ(၂)လုံး၊ မီးမီတာ(၂)လုံး အပါအဝင်အကျိုးခံစားခွင့်များအား စပ်ဆက်စာချုပ်များအရ ဒေါ်မချမ်းသာ ၁၁/မပန(နိုင်)၁၂၃၇၀၆ နှင့် ဦးဖြိုးဟိန်း ၁၁/မပတ(နိုင်)၀၃၆၁၁၈ တို့မှဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပြီး အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူရ ၉/မတရ(နိုင်)၀၀၀၃၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၀)**
**ဖုန်း-၀၉-၄၂၁၁၃၇၄၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/ 36265 JLM 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ထွေး ၉/ခအဇ(နိုင်)၀၁၅၈၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/66428 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြည်ကြည်ချို ၉/မရမ(နိုင်) ၀၂၉၈၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒလမြို့၊ ကမာကဆစ်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(788A)နေ ဦးလှငွေး-မသန်းသန်းဝင်း တို့၏သား တရုတ်ကြီး(ခ)မောင်ဟိန်းထက်နိုင်စိုး ၁၂/ဒလန(နိုင်)၀၆၃၃၈၅ ကိုသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှငွေး-ဒေါ်သန်းသန်းဝင်း**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ ကွင်းအကွက်အမှတ် (၁၆၅၆/မြင်းကင်း)၊ ဦးပိုင်အမှတ်(၄၇၀)၊ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်အား ဦးစံလင်း အမည်ဖြင့် အမှုတွဲအမှတ်(၂၂၉/၂၀၀၁-၂၀၀၂)အရ မြေငှားဂရန်ရရှိခဲ့ပြီး မြို့နယ် မြေစာရင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ(၁-က) စာရင်းသွင်းထားခြင်းမရှိသဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်(၁-က) စာရင်းရေးသွင်းပေးပါရန် ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားခဲ့ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မိုး**
**အောင်မေတ္တာ(ခ)ရပ်ကွက်။ ဖုန်း-၀၉-၄၅၀၅၀၇၂၇၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ မြေကွက်အမှတ်(၄၉၅/အေ)၊ မြေကွက်အမှတ်(၈၇၉)မူလမြေချပါမစ် အမည်ပေါက် ဒေါ်သန်းကြည် (စီဂျီ-၀၄၄၉၆၈) ထံမှ အဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်လာရာ နောက်ဆုံးအဆင့် ဒေါ်စန်းစန်းအေး ၇/လပတ(နိုင်)၁၁၈၁၂၁ ထံမှ ကျွန်မ ဒေါ်ဆွေဆွေမြင့်လွင် ၁၂/ကမတ (နိုင်)၀၅၄၄၅၀ မှ အပြီးအပိုင် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေမြင့်လွင် ၁၂/ကမတ(နိုင်)၀၅၄၄၅၀**
**ဖုန်း-၀၉-၄၂၁၁၁၀၈၅၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ မြေကွက်အမှတ်(၈၇၇)၊ မူလမြေချပါမစ်အမည်ပေါက် ဦးခွေးနီ ၁၂/လကန(နိုင်)၁၂၆၄၈၄ ပိုင်ဆိုင်သော မြေချပါမစ်အားအဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်လာရာ နောက်ဆုံးအဆင့်ဒေါ်အေးအေးရှင်း ၁၄/ဟသတ(နိုင်)၀၅၀၁၁၄ ထံမှ ကျွန်မ ဒေါ်နီနီလွင် ၁၂/ဥကမ(နိုင်) ၀၈၉၅၀၇ မှ အပြီးအပိုင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီလွင် ၁၂/ဥကမ(နိုင်)၀၈၉၅၀၇**
**ဖုန်း-၀၉-၇၇၂၇၁၅၂၉၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ကျောက်ဆည်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၀

**ကွယ်လွန်သူ ဦးလွင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆူးကုန်း ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလွင်၏ ကျန်ရစ်သောပစ္စည်းများ အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြမြလွင်က အမွေဆက်ခံခြင်းဥပဒေအရလျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ စက်တင် ဘာလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလွင်၏ ကျန်ရစ်သောပစ္စည်း များတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၃ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော် လည်း ကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်း များကို ကြည့်ရှုရန် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြမြလွင်၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ဤတော်ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## နှစ်ဦးသဘောတူလင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အချို ၁၃/လရန(နိုင်)၁၂၂၀၆၅ နှင့် ဦးထိုင်းကျွင် ၁၃/လရန(နိုင်)၁၉၀၂၀၁ တို့သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အကြင်လင်မယား အဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား(၂)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်အချို ၁၃/လရန(နိုင်)၁၂၂၀၆၅ နှင့် ဦးထိုင်းကျွင် ၁၃/လရန (နိုင်)၁၉၀၂၀၁ တို့သည် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြသဖြင့် ၈-၈-၂၀၁၈ ရက်တွင် ရှမ်း ပြည်နယ်၊လားရှိုးမြို့၊ သံလွင်ပြန်လည်နေရာချထားရေးကျေးရွာတွင် အသိသက်သေ လူကြီးများနှင့် မိဘများရှေ့တွင် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပြီးဖြစ်၍ ဦးထိုင်းကျွင်နှင့် ဒေါ်အချိုတို့သည် သား(၂)ဦး၏ ကုန်ကျစရိတ်အဝဝ အား အညီအမျှထောက်ပံ့ပေးသွားကြမည်ဖြစ်ပြီး အခြားကိစ္စများနှင့်ပတ်သက်၍ မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အချို ၁၃/လရန(နိုင်)၁၂၂၀၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၀)**
**ဖုန်း-၀၉-၄၂၁၁၃၇၄၆၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၁-၂၀၂၂ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ၂၈ပါ ဦးလှငွေး-ဒေါ်သန်းသန်းဝင်းတို့၏သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် တရုတ်ကြီး(ခ) မောင်ဟိန်းထက်နိုင်စိုး ၁၂/ဒလန(နိုင်)၉၆၃၃၈၅ အစား ၁၂/ဒလန (နိုင်)၀၆၃၃၈၅ ဟုပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ အရာတော်ရပ်ကွက်၊ သံလျက်မော်အနောက်၊ ၄၀ x ၄၁ ကြားနေ ဦးချစ်ခိုင် ၇/ပခန(နိုင်) ၀၄၈၄၉၄ ၏ ဖခင်အမည်မှာ ဦးငွေစံ (ခ)ဦးငွေစန်းဟု လည်း ကောင်း အမည်နှစ်မျိုး ကွဲလွဲနေ သော်လည်း လူပုဂ္ဂိုလ်တစ်ဦး တည်း ဖြစ်ပါကြောင်း။

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(င-၂)၊ (၆၂ x ၆၃)လမ်းကြား၊ ၁၀၇လမ်း၊ အိမ်အမှတ် (၁၁+၁၂)နေ ဦးဝင်းထွဋ်အောင် (ဘ) ဦးအောင်ခင် ၁၃/သပန(နိုင်)၀၀၀၄၉၉နှင့် ဦးဇော်မောင်မောင်ဦး (ဘ) ဦးမောင်မောင် ၉/ပကခ(နိုင်)၀၁၂၄၄၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

KAUNG HTET MANDALAY KING
TYRE AUTO SERVICES

RD(၂၈၆၄/ ၂၀၂၄)

အထက်ဖော်ပြပါ **KAUNG HTET MANDALAY KING** အမည်အမှတ်အသားဖြင့် **"Tyre Auto Services"** ကို ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအနေဖြင့်သော်လည်းကောင်း၊ ဆိုင်အမည်အမှတ်အသားအနေဖြင့်သော် လည်းကောင်း အသုံးပြုကာ မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတဝန်းလုံး၌ ဖြန့်ဖြူးရောင်းချရန် အတွက် ဥပဒေနှင့်အညီ ၂၂-၈-၂၀၂၄ ရက်က မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေများမှ ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အထက်အဆိုပါ တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုကြပါရန်နှင့် အဆိုပါတံဆိပ်အမည် အမှတ်အသားကို တစ်နည်းနည်းတုပခြင်းများ (လုံး၀)မပြုလုပ်ကြပါရန် သတိပေး ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေများ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ချက်အရ-** |
| **ဦးဝင်းထွဋ်အောင်** | **ဦးစိန်ငွေး (B.A., PGD.L)** |
| **၁၃/သပန (နိုင်) ၀၀၀၄၉၉** | **အထက်တန်းရှေ့နေ(စဉ်-၅၂၃၀၇)** |
| **ဦးဇော်မောင်မောင်ဦး** | **ရုံးခန်း-လမ်း၇၀၊ ၃၀x၃၁လမ်းကြား၊** |
| **၉/ပကမ(နိုင်)၀၁၂၄၄၆** | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၇၇၇၇၂၈၁၇၅၊** |
| | **၀၉-၇၉၀၁၃၀၅၉၀** |

## အမည်မှန်

ဖြူးမြို့၊ အထက(၃)၊ G-12 မှ မစုနိုင်နန်း၏ အမည်မှန်မှာ မဆုနိုင်နာ (ဘ) ဦးစီဘာလား၏ အမည်မှန်မှာ ဦးစီဝါလာကာ ၇/ဖမန(ပြု)၀၀၃၅၁၀ ဖြစ်ပါကြောင်း။

**ဦးစီဝါလာကာ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၊ ခရုံကျေးရွာ၊ အလက(ခွဲ) ခရုံ၊ ဆဋ္ဌမတန်းမှ မောင်မွန်ထောနိုင် ၏ ဖခင် အမည်မှန်မှာ ဦးမွန်တုံ ၁၀/ကမရ(နိုင်)၀၇၃၀၅၈ ဖြစ်ပါကြောင်း။

**ဦးမွန်တုံ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၊ ခရုံကျေးရွာ၊ အလက(ခွဲ) ခရုံ၊ ပဉ္စမတန်းမှ မောင်ဟံသာစိုးမင်း ၏ ဖခင် အမည်မှန်မှာ ဦးကြီးရွှေ ၁၀/ကမရ(နိုင်)၀၅၆၃၄၇ ဖြစ်ပါကြောင်း။

**ဦးကြီးရွှေ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ်(၆၉)၊ မရမ်းချိုကုန်း အကွက်၊ ဦးပိုင် အမှတ် (၇၀)၊ မြေဧရိယာ ၁ ဒသမ ၃၅၂ဧကအတွင်းမှ ၀ ဒသမ ၀၆၀ဧကရှိ အိမ်ရာမြေပိုင်မြေအား ဒေါ်ကြီးမြင့်ထံမှ ပုသိမ်မြို့နယ် စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ မြေအရောင်းအဝယ်စာအမှတ်-၉၇/၁၉၈၄(၂၆-၁၂-၁၉၈၄)ဖြင့် ဒေါ်ခင်စန်းမြင့်မှ ဝယ်ယူ၍ လက်ရောက်ရယူနေထိုင်လာခဲ့ပါသည်။

ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်စန်းမြင့်ထံမှတစ်ဆင့် ပုသိမ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေအရောင်းအဝယ်စာချုပ်အမှတ်-၁၄၆/၁၉၈၅ (၆-၁၁-၁၉၈၅)အရ ဦးသောင်းတင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးသောင်းတင်မှာ ကျွန်မဒေါ်ခင်စန်း၏ တရားဝင် ခင်ပွန်းဖြစ်ပြီး လွန်ခဲ့သော ၂၄- ၄-၂၀၁၉ရက်က ကွယ်လွန်သွားခဲ့ပါသည်။ ခင်ပွန်းသည် ဦးသောင်းတင်မှာ အရောင်းအဝယ်စာချုပ်စာတမ်း မှတ်ပုံတင်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဖော်ပြပါမြေအား ဇနီးဖြစ်သူဒေါ်ခင်စန်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်ပြုလုပ်ပြီး ဥပဒေနှင့်အညီ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့နယ်တွင် မြေအမည်ပြောင်းလဲမှတ်သားပေးရန် လျှောက်ထားရယူမည် ဖြစ်ပါသည်။

မြေအမည်ပြောင်းလျှောက်ထားရယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်း (ဘ) ဦးမောင်လှ (ခ) ဦးလှ**
**၁၄/ပသန(နိုင်)၀၃၂၀၈၂**
**ဖုန်း-၀၉-၂၆၁၉၉၆၄၆၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစောနေကော်၏ သား ကျွန်တော် မောင်စောနေထူးစေး ၁၄/အမန(နိုင်)၂၁၂၃၀၃ ၏ နိုင်ငံကူး လက်မှတ်(နံပါတ်မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၄၆၃၆၂၁၈**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစောသက်ဝါး၏ သား ကျွန်တော် မောင်စောသဒါရှီးဝါး ၁၄/အမန(နိုင်)၁၆၈၁၅၅ ၏ နိုင်ငံကူး လက်မှတ်(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၇၅၇၂၂၃**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ဝမ်းတွင်း)၊ Grade-12(S-2)မှ မောင်ဆန်းမင်းမင်း ၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဆွေ ၉/ဝတန(နိုင်)၀၅၅၉၀၀ ဖြစ်ပါကြောင်း။

**ဦးတင်မောင်ဆွေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/7000 Lexus Lx570URJ 2011 Station Wagon (4x4)ယာဉ်လက်ဝယ်ရှိသူ ဦးစံမြင့်မိုရ် ၁၀/မလမ(နိုင်)၂၃၃၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/89113 Turbo Star 110 ယာဉ်လက်ဝယ်ရှိသူ Luck Saturday Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/7178 JBC Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ Jyin Kyu Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

စစ်ကိုင်းခရိုင်တရားရုံးတော်၌

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၄၈ နှင့် ဆက်နွှယ်သည့်

၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

| | | |
|---|---|---|
| မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ကိုယ်စား၊ ဦးသိန်းမြင့် (အတွင်းရေးမှူး) (တရားနိုင်) | နှင့် | ထက်သီဟနိုင်ကုမ္ပဏီလီမိတက် (၎င်းကိုယ်စားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဦး) (တရားရှုံး) |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး၊ ၇၄ လမ်း၊ Garden City အိမ်ရာ၊ တာဝါ(၁၀)၊ အခန်းအမှတ်(၅၅)၊ ထက်သီဟနိုင်ကုမ္ပဏီလီမိတက် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၄၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသိန်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ဝေဖြိုးနိုင် )
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၂၂)

စစ်ကိုင်းခရိုင်တရားရုံးတော်၌

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆၇ နှင့်ဆက်နွှယ်သည့်

၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉

| | | |
|---|---|---|
| မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ကိုယ်စား၊ ဦးသိန်းမြင့် (အတွင်းရေးမှူး) (တရားနိုင်) | နှင့် | ထက်သီဟနိုင်ကုမ္ပဏီလီမိတက် (၎င်းကိုယ်စားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဦး) (တရားရှုံး) |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး၊ ၇၄ လမ်း၊ Garden City အိမ်ရာ၊ တာဝါ(၁၀)၊ အခန်းအမှတ်(၅၅)၊ ထက်သီဟနိုင်ကုမ္ပဏီလီမိတက် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသိန်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ထက်ဝေဖြိုးနိုင် )
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

စစ်ကိုင်းခရိုင်တရားရုံးတော်၌

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄၅ နှင့် ဆက်နွှယ်သည့်

၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀

| | | |
|---|---|---|
| မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ကိုယ်စား၊ ဦးသိန်းမြင့် (အတွင်းရေးမှူး) (တရားနိုင်) | နှင့် | ထက်သီဟနိုင်ကုမ္ပဏီလီမိတက် (၎င်းကိုယ်စားကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးဦး) (တရားရှုံး) |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး၊ ၇၄ လမ်း၊ Garden City အိမ်ရာ၊ တာဝါ(၁၀)၊ အခန်းအမှတ်(၅၅)၊ ထက်သီဟနိုင်ကုမ္ပဏီလီမိတက် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသိန်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ဝေဖြိုးနိုင်)
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

## ပြင်ဆင်ရန်အတွက် လျှောက်ထားကြောင်း ပြင်ဆင်မှုလျှောက်ထားခံရသူထံသို့ ထုတ်ပေးသည့် အကြောင်းကြားစာ

အောင်မြေသာစံခရိုင်တရားရုံးတော်၌

၂၀၂၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်–၆၀

| | | |
|---|---|---|
| ဦးရန်နိုင်အောင် (ပြင်ဆင်မှုလျှောက်ထားသူ) | နှင့် | ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>၂။ ဒေါ်မေမြတ်နွယ်<br>၃။ ဒေါ်စုပွင့်ဝေ<br>၄။ ဦးကျော်နိုင်ဝင်း<br>၅။ ဦးအောင်ဝင်းဋ္ဌေး (ခ) ကိုပေါက်<br>(ပြင်ဆင်မှုလျှောက်ထားခံရသူများ) |

ဦးကျော်နိုင်ဝင်း၊ Leading Asia Myanmar International School၊ ၁၂ လမ်း၊ ၈၇-၈၈ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

